# ကြေးမုံ The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်၊ အင်္ဂါနေ့။ Tuesday, 30 September 2025 ၁၁၉၅၆


**ချမ်းသာခြင်းအကြောင်းတရား**

သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏၊ အခိုင်အမြဲတည်သော သဒ္ဓါတရားရှိခြင်းသည် ချမ်းသာ၏၊ အသိဉာဏ်ပညာကို ရခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကို မပြုခြင်းသည် ချမ်းသာ၏။

နာဂဝဂ်(ဓမ္မပဒ-၃၃၃)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ကာဇက်စတန်နိုင်ငံတို့နှင့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်အောင်ဆောင်ရွက်နိုင်ခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၉**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin ၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ အလုပ်သဘောခရီးစဉ်အဖြစ် လည်းကောင်း၊ ကာဇက်စတန်နိုင်ငံသမ္မတ H.E.Mr. Kassym-Jomart Tokayev ၏ ဖိတ်ကြားချက်အရ ကာဇက်စတန်နိုင်ငံသို့ အလုပ်သဘောခရီးစဉ်အဖြစ် လည်းကောင်း သွားရောက်ခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် ကာဇက်စတန်နိုင်ငံ အက်စတာနာလေဆိပ်မှ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာရာ ကာဇက်စတန်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်(၁) Mr. Roman Sklyar၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများက နေပြည်တော်တပ်မတော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။


ယနေ့ ဖတ်စရာ

**မဲဆန္ဒရှင်ပြည်သူများသို့ မေတ္တာရပ်ခံချက်** စာမျက်နှာ » ၇

**အန္တရာယ်ကြီးမားသည့် တရားမဝင်ကုန်သွယ်မှုများကို တားဆီးထိန်းချုပ်နိုင်ရန်အတွက် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ပူးပေါင်းဆောင်ရွက်ကြပါစို့** ဆောင်းပါး စာမျက်နှာ » ၈

**ရန်ကုန်မြို့ အိန္ဒိယနိုင်ငံသံရုံးကကြီးမှူး၍ “Viksit Bharat Run 2025” အပြေးပြိုင်ပွဲ ကျင်းပ** စာမျက်နှာ » ၁၇

ကြေးမုံ

# သဘာဝဘေးအန္တရာယ်များလျှော့ချရေး သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းပေး

ပြီးခဲ့သည့် ရက်သတ္တပတ်က တောင်တရုတ်ပင်လယ်တွင် ဖြစ်ပေါ်ခဲ့သည့် အလွန်အင်အားပြင်းထန်သော တိုင်ဖွန်းမုန်တိုင်း “ရာဂါဆာ” တိုက်ခတ်မှုနှင့် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်ခဲ့သည့် လေဖိအားနည်း ရပ်ဝန်းနှင့် မုန်တိုင်းငယ်တို့ တစ်ပြိုင်တည်းဖြစ်ပေါ်ခဲ့ပြီး မုန်တိုင်းများမှ ပြတ်ထွက်လာသည့် တိမ်တိုက်များကြောင့်နှင့် ကြွင်းကျန်လွင့်စဉ်မှု အခြေအနေများကြောင့် မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာရွာသွန်းမှုဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့သည်။ မုန်တိုင်းတိုက်ရိုက်သက်ရောက်ခဲ့သည့်ဒေသများ၌ နေအိမ်အဆောက်အအုံများနှင့် ပြည်သူများ အတိဒုက္ခရောက်ခဲ့ကြသည်။

အဆိုပါမုန်တိုင်းများ အရှိန်လျော့ပျက်ပြယ်ပြီးသည်နှင့် ထပ်မံ၍ မုန်တိုင်းနှင့် လေဖိအားနည်းရပ်ဝန်းများ ဖြစ်ပေါ်လာပြန်သည်။ စက်တင်ဘာ ၂၈ ရက် ညနေပိုင်း တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော တိုင်ဖွန်းမုန်တိုင်း “ဘူအလွိုင်” သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားလျက်ရှိပြီး ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့၏ မြောက်-အရှေ့မြောက်ဘက် ရေမိုင် ၅၀ ခန့်နှင့် ဗင့်မြို့၏ အရှေ့တောင်ဘက် ရေမိုင် ၁၇၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုခဲ့သည်။ အဆိုပါမုန်တိုင်းသည် လေတိုက်နှုန်း တစ်နာရီ ၇၅ မိုင်နှုန်းခန့်ဖြစ်ပြီး အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ကာ စက်တင်ဘာ ၂၉ ရက်တွင် ဗီယက်နမ်နိုင်ငံနှင့် လာအိုနိုင်ငံ နယ်စပ်သို့လည်းကောင်း၊ စက်တင်ဘာ ၃၀ ရက်တွင် လာအိုနိုင်ငံသို့လည်းကောင်း ဖြတ်ကျော်ပြီး မြန်မာနိုင်ငံသို့ လေဖိအားနည်းဆဲလ် အဖြစ် ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းထားသည်။

ယခုရက်သတ္တပတ်ကာလများတွင် သဘာဝဘေးအန္တရာယ်များဖြစ်သည့် အပူပိုင်းမုန်တိုင်းများနှင့် လေဖိအားနည်းရပ်ဝန်းများသည် တစ်ပြိုင်တည်းနှင့် ဆက်တိုက်ဆိုသလို ဖြစ်ပေါ်နေသဖြင့် တရုတ်နိုင်ငံနှင့် အရှေ့တောင်အာရှဒေသမှ ပြည်သူများ မုန်တိုင်းအကျိုးသက်ရောက်မှုများကို အနည်းနှင့် အများဆိုသလို ခံစားနေကြရသည်။ အလားတူပင် ကမ္ဘာတစ်ဝန်းရှိ ဒေသများ၌လည်း မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ အပူလှိုင်းဖြတ်ခြင်း၊ အအေးလှိုင်းဖြတ်ခြင်းတို့ကို မကြာခဏကြုံတွေ့ခံစားနေကြရသည်။ ထို့ကြောင့် ပြည်သူများအနေဖြင့် အစွန်းရောက်ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်အခြေအနေများနှင့် ဖြစ်ပေါ်ရသည့်အကြောင်းရင်းအခြေအနေများကို သိရှိနားလည်ပြီး အနာဂတ်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်ကြရမည်ဖြစ်သည်။

ရာစုနှစ်ဦးကာလက နွေ၊ မိုး၊ ဆောင်းဟူသည့် သူ့သဘာဝအတိုင်း သူ့အချိန်အခါနှင့်သူ ဖြည်းညင်းစွာ ပြောင်းလဲနေသော ပုံမှန်ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်မှ လူသားများ၏ မဆင်မခြင်ပြုမူ ဆောင်ရွက်လုပ်ကိုင်မှုများကြောင့် ကမ္ဘာကြီးကို ပူနွေးလာစေသည့် အစွန်းရောက်ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ် ပေါ်ပေါက်လာသည်။ ကမ္ဘာကြီး၏ ပုံမှန်သဘာဝအတိုင်း ဖြည်းညင်းစွာပူနွေးလာမှုနှုန်းသည် လူသားများက ဖန်လုံအိမ်ဓာတ်ငွေ့များ ပိုမိုထုတ်လွှတ်လာသည်နှင့်အမျှ ကမ္ဘာ့အပူချိန်မြင့်တက်မှုနှုန်းသည် ပိုမိုလျင်မြန်လာပြီး ပတ်ဝန်းကျင်တွင်ဖြစ်ပေါ်လေ့ရှိသည့် ရာသီဥတုနှင့် မိုးလေဝသအခြေအနေများသည် ကြိုတင်ခန့်မှန်းနိုင်သည့်ပုံစံမှ ကြိုတင်မခန့်မှန်းနိုင်သော အခြေအနေသို့ ပြောင်းလဲသွားသည်။ ဥပမာအားဖြင့် မုတ်သုံရာသီကုန်ဆုံးသွားသည့်ကာလတွင် မိုးသည်းထန်မှုများ ဆက်လက်ဖြစ်ပေါ်နေခြင်းဖြစ်သည်။

ဖန်လုံအိမ်ဓာတ်ငွေ့များ ထုတ်လွှတ်မှုများပြားလာသည်နှင့်အတူ ကမ္ဘာကြီးပူနွေးမှုမှာလည်း တစ်နေ့တခြားမြင့်တက်လာသည်ကို တွေ့ရမည်ဖြစ်သည်။ အကျိုးဆက်အနေဖြင့် သဘာဝအတိုင်းတည်ရှိနေသည့် ရေခဲမြစ်များ၊ ရေခဲတောင်များ အရည်ပျော်ကျမှုမြင့်မားလာခြင်း၊ ပုံမှန်အားဖြင့် လည်ပတ်နေသော သမုဒ္ဒရာရေအေးစီးကြောင်းနှင့် ရေနွေးစီးကြောင်းများ ပုံမှန်မဟုတ်တော့ဘဲ ဆန့်ကျင်ဖီလာထူးကဲစွာဖြစ်ပေါ်ခြင်းဖြစ်လာသည်။ မုတ်သုံစနစ်၏ အသက်ဖြစ်သော ကမ္ဘာ့အထက်လေတိုက်နှုန်းပြင်းသည့် ဂျက်လေစီးကြောင်းသည် အာတိတ်ဒေသ ပူနွေးလာမှုကြောင့် လေစီးကြောင်းပြောင်းပြီး အားပျော့လာသော ဂျက်လေစီးကြောင်းသည် ကာလရှည်ကြာသော အပူလှိုင်း သို့မဟုတ် အအေးလှိုင်းများ၊ ရေလွှမ်းမိုးမှုများ သို့မဟုတ် မိုးခေါင်မှုများဖြစ်နိုင်ပြီး ပြင်းထန်သော ရာသီဥတုအကြိမ်အရေအတွက် တိုးလာနိုင်သည်။

ပစိဖိတ်သမုဒ္ဒရာ အီကွေတာရပ်ဝန်းရှိ အယ်လ်နီညိုရေစီးကြောင်းသည် ကမ္ဘာကြီးပူနွေးမှုမြင့်တက်လာသဖြင့် အယ်လ်နီညို/လာနီညာ အစွန်းရောက်ဖြစ်စဉ်များဖြစ်ပေါ်လာသည်။ အမေဇုန်သစ်တောကြီးတွင် မိုးရွာသွန်းမှုလျော့နည်းလာသဖြင့် သစ်တောပြုန်းတီးမှုဖြစ်ပေါ်ပြီး ရာသီဥတုပြောင်းလဲမှုကို ပိုမိုဖြစ်ပေါ်စေသည်။ မြန်မာနိုင်ငံ၏ မုတ်သုံစနစ်အဝင်/အထွက်နှင့် မိုးရွာသွန်းမှု မမှန်သည့်ဖြစ်စဉ်မှာ ဂျက်လေစီးကြောင်းပြောင်းလဲမှုကြောင့်ဟု ပညာရှင်များက ခန့်မှန်းထားသည်။ သို့ဖြစ်ရာ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ အကြိမ်ရေခပ်စိပ်စိပ် ဖြစ်ပေါ်လာနေပြီဖြစ်ရာ ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်အမျိုးမျိုးကို လျှော့ချနိုင်ရေးအတွက် ကမ္ဘာ့လူသားများအားလုံးက သဘာဝပတ်ဝန်းကျင်ကို မဖြစ်မနေ ဝိုင်းဝန်းထိန်းသိမ်းကြရမည်ဖြစ်ပါကြောင်း။ ။

## သံအမတ်ကြီး ဦးနေမျိုးဦးအား ဆော်ဒီအာရေဗျနိုင်ငံဆိုင်ရာမြန်မာသံအမတ်ကြီးအဖြစ်ခန့်အပ်

**နေပြည်တော် စက်တင်ဘာ ၃၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌသည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး ဦးနေမျိုးဦးအား ဆော်ဒီအာရေဗျနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။ **သတင်းစဉ်**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၃၄၄ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက် (၂၉-၉-၂၀၂၅)ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၂၁-၉-၂၀၂၅)ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၈-၉-၂၀၂၅) ရက်နေ့၊ ည (၈:၀၀)နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃၄၄)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ်ကုသပေးသောလူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးလူနာမရှိပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာ အခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊ ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်)ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန**
**(Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**

## လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

**နေပြည်တော် စက်တင်ဘာ ၂၉**

ယနေ့မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတို့တွင် အောက်တိုဘာ ၁ ရက်၌ လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။ **မိုး/ဇလ**

## ၂၉ - ၉ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၉၈၀၀၀၀** ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၉ - ၉ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၀၀၀ | ၇,၉၀၀ | ၄၃၃ | ၃,၄၅၄,၀၀၀ |
| MTSH | ၃,၄၀၀ | ၃,၄၀၀ | ၅,၉၉၀ | ၂၀,၃၆၆,၀၀၀ |
| MCB | ၈,၅၀၀ | ၈,၃၀၀ | ၆ | ၅၀,၀၀၀ |
| FPB | ၂,၇၅၀ | ၂,၇၀၀ | ၇,၈၇၀ | ၂၁,၄၁၆,၆၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၅၀၁ | ၁,၃၇၇,၇၅၀ |
| EFR | ၂,၀၅၀ | ၁,၉၀၀ | ၇၁၀ | ၁,၃၈၀,၄၀၀ |
| AMATA | ၃,၂၅၀ | ၃,၂၅၀ | ၂၈၁ | ၉၀၁,၀၅၀ |
| MAEX | ၃,၄၅၀ | ၃,၄၅၀ | ၂၆၀ | ၈၉၇,၀၀၀ |
| MADPL(PLB) | ၂,၇၅၀ | ၂,၇၅၀ | ၅၅ | ၁၅၁,၂၅၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**ဒေါ်တ္တ စာတည်းမှူး** - အေဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီးသတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



✪ ရှေ့ဖုံးမှ

နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အတူ ခရီးစဉ်တွင်လိုက်ပါသွားကြသည့် ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဉာဏ်ထွန်း၊ ဦးကိုကိုလွင်၊ ဒေါက်တာသက်ခိုင်ဝင်း၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဘက်၊ နယ်ဘက်မှ တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာ အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် နေပြည်တော် တပ်မတော်လေဆိပ်သို့ ပြန်လည်ရောက်ရှိကြရာ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr . Iskander Azizov၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံး၊ စစ်သံရုံးတို့မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ကာဇက်စတန်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်(၁) Mr.Roman Sklyar နှင့် တာဝန်ရှိသူများက ကာဇက်စတန်နိုင်ငံ အက်စတာနာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။

## အလယ်အလတ်အဆင့်၊ အဆင့်မြင့်စာရင်းကိုင်နှင့် ရုံးလုပ်ငန်းကျွမ်းကျင်မှု သင်တန်းအမှတ်စဉ်(၁၀၃) သင်တန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၉**

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း နေပြည်တော်နှင့် ရန်ကုန်တို့တွင်ဖွင့်လှစ်သည့် အလယ်အလတ်အဆင့်၊ အဆင့်မြင့်စာရင်းကိုင်နှင့် ရုံးလုပ်ငန်းကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၁၀၃) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။



ဦးစွာ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက နိုင်ငံတော်က ချမှတ်ဆောင်ရွက်လျက်ရှိသည့် မူဝါဒများ အကောင်အထည်ဖော်ရာတွင် အထောက်အကူဖြစ်စေရန်၊ ပြည်သူ့အကျိုးစီးပွားကို ဖော်ဆောင်ရာတွင်ထိရောက်မှုရှိစေရန်၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်၊ အလုပ်တာဝန်များကို လုပ်ရည်ကိုင်ရည်ပြည့်ဝစွာဖြင့် လုပ်ငန်းခွင်တွင် လက်တွေ့အသုံးချနိုင်ရန်ရည်ရွယ်ပြီး ဖွင့်လှစ်ရခြင်းဖြစ်ပါကြောင်း၊ သင်တန်းတက်ရောက်ခြင်းဖြင့် ဝန်ထမ်းတစ်ဦးချင်းစီ၏ အရည်အသွေးများတိုးတက်လာစေပြီး ဌာနဆိုင်ရာလုပ်ငန်းများကို စွမ်းရည်ပြည့်ဝစွာဆောင်ရွက်နိုင်ခြင်း၊ စာရင်းပညာနားလည်တတ်ကျွမ်းပြီး စည်းမျဉ်းစည်းကမ်းနှင့်အညီ အမှားအယွင်းမရှိ စာရင်းများပြုစုရေးဆွဲနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိစေမည်ဖြစ်ပါကြောင်း၊ သင်တန်းသားများအနေဖြင့် သင်တန်းမှ သင်ယူမှုများကို နားလည်တတ်ကျွမ်းသည်အထိ ကြိုးစားလေ့လာသင်ယူရန်လိုအပ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အတွက် စောင့်ထိန်းလိုက်နာရမည့် ကျင့်ဝတ်သိက္ခာ၊ ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို အလေးထားလိုက်နာကြရန်နှင့် ကိုယ်ပိုင်အရည်အသွေး ပိုမိုတိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်နှင့် ဌာနအကျိုးသယ်ပိုးဆောင်ရွက်နိုင်ရန် ကြိုးစားစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း နေပြည်တော်သင်တန်းကျောင်းတာဝန်ခံက သင်တန်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ဝန်ကြီးဌာနအဖွဲ့အစည်း ၃၁ ခုမှ အလယ်အလတ်အဆင့်သင်တန်းတွင် သင်တန်းသား ၂၅၉ ဦး၊ ဝန်ကြီးဌာနအဖွဲ့အစည်း ၂၆ ခုမှ အဆင့်မြင့်သင်တန်းတွင် သင်တန်းသား ၁၆၆ ဦး စုစုပေါင်း ၄၂၅ ဦး တက်ရောက်ကြမည်ဖြစ်ပြီး သင်တန်းကာလမှာ စက်တင်ဘာ ၂၉ ရက်မှ ဒီဇင်ဘာ ၁၁ ရက်အထိ အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း နေပြည်တော်နှင့် ရန်ကုန်တို့တွင် တစ်ပြိုင်တည်း ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်သည်။

သင်တန်းဖွင့်ပွဲသို့ ဒုတိယစာရင်းစစ်ချုပ်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ၊ သင်တန်းကထိကများနှင့် သင်တန်းသားများတက်ရောက်ကြပြီး ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံးမှ တာဝန်ရှိသူများ၊ သင်တန်းကထိကများနှင့် သင်တန်းသားများက အွန်လိုင်းဖြင့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## လူမှုဝန်ထမ်းဦးစီးဌာနမှဖွင့်လှစ်ထားသော အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများမှ စတုတ္ထအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းဖွင့်

**နေပြည်တော် စက်တင်ဘာ ၂၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရွှာင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိပြီး စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်း သင်တန်းနှင့် ပန်းအလှပြင်သင်တန်းများကို အပတ်စဉ် တစ်ခုလျှင် ခြောက်ပတ်ဖြင့် သင်ကြားပေးလျက်ရှိသည်။

ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် ရှစ်ခုကို နိုင်ငံပိုင်သတင်းစာများတွင် ကြော်ငြာ၍ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ ထို့ပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ် ကျောင်းများတွင် စနေ၊ တနင်္ဂနွေနေ့ အထူးသင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် စတုတ္ထအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းအား ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၉ ရက်မှ အောက်တိုဘာ ၁၀ ရက်အထိ ဖွင့်လှစ်လျက်ရှိပြီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း ၁၀ ကျောင်းတွင် သင်တန်းသား ရှစ်ဦး၊ သင်တန်းသူ ၂၅၉ ဦး စုစုပေါင်း သင်တန်းသား သင်တန်းသူ ၂၆၇ ဦး တက်ရောက်လျက်ရှိကာ မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အထူးလေယာဉ်ပေါ်၌ မီဒီယာများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြား

**နေပြည်တော် စက်တင်ဘာ ၂၉**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin ၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ အလုပ်သဘောခရီးစဉ်အဖြစ်လည်းကောင်း၊ ကာဇက်စတန်နိုင်ငံသမ္မတ H.E. Mr. Kassym–Jomart Tokayev ၏ ဖိတ်ကြားချက်အရ ကာဇက်စတန်နိုင်ငံသို့ အလုပ်သဘောခရီးစဉ်အဖြစ်လည်းကောင်း အသီးသီးသွားရောက်ခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် ကာဇက်စတန်နိုင်ငံ အက်စတာနာလေဆိပ်မှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာရာ ကာဇက်စတန်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်(၁) Mr. Roman Sklyar၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။




ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အထူးလေယာဉ်ပေါ်၌ မီဒီယာများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားစဉ်။

ထိုသို့အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာလာစဉ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌသည် အထူးလေယာဉ်ပေါ်၌ မီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို လက်ခံဖြေကြားခဲ့ရာ မေးမြန်းဖြေကြားမှု အပြည့်အစုံကို ဖော်ပြအပ်ပါသည်–

**မေး။ ယာယီသမ္မတကြီးအနေနဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ Atom Museum မှာ ကျင်းပပြုလုပ်ခဲ့တဲ့ "ကမ္ဘာ့အဏုမြူသီတင်းပတ်ဖိုရမ် (World Atomic Week Forum)" ကို တက်ရောက်ခဲ့ရတာကြောင့် မြန်မာနိုင်ငံနဲ့ နိုင်ငံသားများအပေါ်မှာ ဘယ်လိုအကျိုးရလဒ်တွေ ရရှိခဲ့ပါသလဲ။ နိုင်ငံတော်အတွက် ဘယ်လိုကဏ္ဍတွေမှာ အကျိုးရလဒ်ကောင်းတွေကို ဖော်ဆောင်လို့ရနိုင်မလဲဆိုတာ သိလိုပါတယ်။**

**ဖြေ။** မော်စကိုမြို့မှာပြုလုပ်တဲ့ ကမ္ဘာ့အဏုမြူသီတင်းပတ်ဖိုရမ် (World Atomic Week Forum) ကိုတက်ရောက်ဖို့အတွက် သမ္မတကြီးပူတင်ရဲ့ ဖိတ်ကြားချက်အရ ကျွန်တော်သွားတာဖြစ်ပါတယ်။ အဲဒီမှာတော့ သမ္မတကြီးပူတင်၊ ဘယ်လာရုစ်သမ္မတ၊ အာမေးနီးယားဝန်ကြီးချုပ်၊ အီသီယိုးပီးယားဝန်ကြီးချုပ်၊ အခြားခေါင်းဆောင်တွေ၊ IAEA ရဲ့ညွှန်ကြားရေးမှူးချုပ်တို့ သူတို့နဲ့တွေ့ဆုံပြီးတော့ နှစ်ဖက်ပူးပေါင်းဆောင်ရွက်နိုင်တဲ့အခြေအနေတွေကိုလည်း ဆွေးနွေးနိုင်ခဲ့ပါတယ်။ ဒီညီလာခံဟာ ထူးခြားတဲ့ ညီလာခံတစ်ခုလည်းဖြစ်ပါတယ်။ အဓိကကတော့ အဏုမြူစွမ်းအင်ကို ငြိမ်းချမ်းစွာ အသုံးပြုရေးနဲ့ပတ်သက်ပြီးတော့ အမြင်ချင်းဖလှယ်ကြတာလည်း ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့လည်း IAEA အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်တဲ့အတွက်ကြောင့် အဏုမြူစွမ်းအင်ကို လူသားအကျိုးပြုလုပ်ငန်းတွေမှာ အသုံးပြုနိုင်အောင် အမြင်ချင်းဖလှယ်နိုင်တာလည်း ဖြစ်ပါတယ်။ ရရှိခဲ့တဲ့ အကျိုးရလဒ်ကတော့ တော်တော်လေးကောင်းတယ်လို့ ပြောရမှာဖြစ်ပါတယ်။

**မေး။ ရုရှားဖက်ဒရေးရှင်းနိုင်ငံနဲ့ ကာဇက်စတန်သမ္မတနိုင်ငံ ခရီးစဉ်အတွင်းမှာ ယာယီသမ္မတကြီးအနေနဲ့ တွေ့ဆုံဆွေးနွေးမှုတွေ ဆောင်ရွက်ခဲ့တာတွေ့ရပါတယ်။ နိုင်ငံအတွက် ဘယ်လိုအကျိုးကျေးဇူးတွေရရှိအောင် ဆွေးနွေးနိုင်ခဲ့ပါသလဲဆိုတာ သိရှိလိုပါတယ်။**

**ဖြေ။** ရုရှားသမ္မတကြီး မစ္စတာပူတင်နဲ့ သီးခြားတွေ့ဆုံနိုင်ခဲ့တာရှိပါတယ်။ မတ်လမှာ တွေ့ဆုံခဲ့ပြီးဖြစ်ပြီးတော့ တွေ့ဆုံခဲ့တဲ့ရလဒ်တွေကို မူတည်ပြီးတော့ တိုးတက်မှုအခြေအနေတွေ။ ဒါတွေကို နှစ်ဖက်သုံးသပ်ပြီးတော့ ဒီထက်ပိုပြီးတော့မှ ဒီထက်ပိုပြီးတော့ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်တွေကို တိုးမြှင့်ဆောင်ရွက်နိုင်ဖို့ ဆွေးနွေးခဲ့တာ ဖြစ်ပါတယ်။ ပထမဦးဆုံးအနေနဲ့က ကူးသန်းရောင်းဝယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုကိစ္စ၊ စွမ်းအင်ကိစ္စ၊ သယ်ယူပို့ဆောင်ရေးကိစ္စ၊ ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ အာကာသနဲ့ အဏုမြူဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စ ဒါတွေကို ကျွန်တော်တို့ ဆွေးနွေးနိုင်ခဲ့တာရှိပါတယ်။

အလားတူစွာပဲ ကာဇက်စတန်ကိုရောက်ရှိတဲ့အခါမှာလည်း ကာဇက်စတန်သမ္မတကြီးနဲ့ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ ဒါလည်း ဒုတိယအကြိမ်ဆွေးနွေးတာလည်းဖြစ်ပါတယ်။ ပြီးခဲ့တဲ့ မတ်လက တစ်ခါဆွေးနွေးပြီးဖြစ်ပါတယ်။ ပထမအကြိမ် ဆွေးနွေးခဲ့တဲ့ရလဒ်အပေါ်မူတည်ပြီးတော့ ကျွန်တော်တို့ဘယ်ကဏ္ဍတွေမှာ ပိုပြီးတိုးချဲ့ဖို့လိုမလဲ။ မြန်မာနိုင်ငံမှာ ဘာကိုရင်းနှီးမြှုပ်နှံမှုလုပ်မလဲ။ မြန်မာနိုင်ငံက ထုတ်ကုန်ပစ္စည်းတွေအသုံးပြုပြီးတော့မှ ကာဇက်စတန်နိုင်ငံမှာ တန်ဖိုးမြင့်ပစ္စည်းတွေ ဘယ်လိုထုတ်လုပ်ကြမလဲ။ သိပ္ပံနဲ့နည်းပညာဆိုင်ရာကဏ္ဍတွေ ဘယ်လိုပူးပေါင်းဆောင်ရွက်ကြမလဲ။ မြို့ပြဆိုင်ရာ ကိစ္စတွေမှာ ဘယ်လိုပူးပေါင်းဆောင်ရွက်ကြမလဲ။ ဒါတွေလည်း ကျွန်တော်တို့ ဆွေးနွေးဖြစ်ခဲ့ပါတယ်။ ကောင်းမွန်တဲ့ရလဒ်တွေရခဲ့တယ်လို့ ပြောလိုပါတယ်။

**မေး။ ယာယီသမ္မတကြီးအနေနဲ့ ကာဇက်စတန်နိုင်ငံကို ပထမဦးဆုံးလာရောက်တဲ့ မြန်မာနိုင်ငံက ခေါင်းဆောင်တစ်ဦးဖြစ်တယ်လို့ သိရှိရပါတယ်။ အနာဂတ်ကာလများမှာလည်း မြန်မာနိုင်ငံနဲ့ ကာဇက်စတန်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုတွေမှာ ပိုမိုတိုးတက်ဆောင်ရွက်ဖို့ ရှိပါသလားဆိုတာ သိရှိလိုပါတယ်။**

**ဖြေ။** စောစောက ကျွန်တော်ပြောသလိုကာဇက်စတန်သမ္မတနဲ့ကတော့ ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေးခြင်းပဲ ဖြစ်ပါတယ်။ ကာဇက်စတန်နဲ့ကျွန်တော်တို့က သံတမန်ဆက်ဆံမှုက ၂၆ နှစ်ရှိပါပြီ။ ပြီးခဲ့တဲ့ ၁၉၉၉ ခုနှစ် စက်တင်ဘာ ၂၆ ရက်နေ့က သံတမန်ဆက်ဆံမှုလုပ်ခဲ့တာဖြစ်ပြီး ကျွန်တော်ရောက်တဲ့နေ့က ၂၇ ရက်နေ့ဖြစ်ပါတယ်။ အဲဒီတော့ ၂၆ နှစ်ပြည့်ပြီး တစ်ရက်မှာ ရောက်တာပေါ့။ ထူးခြားမှုရှိပါတယ်။ သူတို့သမ္မတကြီးကလည်း ဒါကို အလေးထားပြီးပြောပါတယ်။ မြန်မာနိုင်ငံခေါင်းဆောင်တစ်ယောက်အနေနဲ့ ပထမဦးဆုံးလာတဲ့ ခရီးစဉ်ဖြစ်တယ်။ New Step ခြေလှမ်းသစ်တစ်ခုကို စခဲ့တယ်ဆိုတာလေးသူပြောတာပေါ့။ စောစောက ကျွန်တော်ပြောသလိုပဲ နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရေးနယ်ပယ်တွေမှာ စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်ရေး၊ နောက်တစ်ခါ ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်တွေ၊ သိပ္ပံနှင့်နည်းပညာကိစ္စရပ်တွေ၊ ပညာရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုတွေ၊ ကျန်းမာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရမယ့်ကိစ္စရပ်တွေ ဒါတွေ ကျွန်တော်တို့ ပြောဆိုဆွေးနွေးနိုင်ခဲ့တာ ရှိပါတယ်။ ကာဇက်စတန်နိုင်ငံက တိုးတက်တဲ့နိုင်ငံတစ်ခုဆိုတာ မြင်ပါတယ်။ အဓိကကတော့ မြေပေါ်မြေအောက် သယံဇာတပစ္စည်းတွေ။ အထူးသဖြင့် မြေအောက်သယံဇာတပစ္စည်းတွေ ရေနံနဲ့ဓာတ်ငွေ့တို့၊ ကြေးနီ၊ ရွှေ၊ ခရိုမီယမ်၊ သံ တော်တော်လေး ထွက်ပါတယ်။ ကမ္ဘာမှာလည်း ထိပ်တန်းတင်ပို့တဲ့နိုင်ငံတစ်ခုဖြစ်ပါတယ်။ စိုက်ပျိုးရေးနဲ့ မွေးမြူရေးလည်းလုပ်တဲ့ နိုင်ငံတစ်ခုပါ။ သူတို့နိုင်ငံက ဂျုံက ကမ္ဘာမှာ အကောင်းဆုံးဂျုံထဲမှာပါတာတွေ့ပါတယ်။ ဒါလည်း နမူနာ သုံးစွဲကြည့်ပြီး ဖြစ်ပါတယ်။ ထို့အတူပဲ မြန်မာနိုင်ငံက ထုတ်ကုန်ပစ္စည်းထဲမှာလည်း အဓိကတော့ ပေါ်ဆန်းမွှေးဆန်ပေါ့။ ပေါ်ဆန်းမွှေးဆန်ကို တော်တော်လေး စိတ်ဝင်စားပါတယ်။ ကျွန်တော်လည်း ဒါနဲ့ပတ်သက်ပြီးတော့ မြန်မာနိုင်ငံကလည်း ဘယ်လိုလမ်းကြောင်းကနေ သူတို့ဆီပို့မလဲပေါ့။ ဒီဟာတွေ ဆွေးနွေးနိုင်ခဲ့တာ ရှိပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် တွေ့ဆုံနိုင်ခဲ့မှုအခြေအနေကတော့ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုနယ်ပယ်ကို နှစ်ဦးနှစ်ဖက်ကနေ စိတ်အားထက်သန်စွာနဲ့ တိုးချဲ့ဆောင်ရွက်သွားဖို့ ဆန္ဒရှိတာ တွေ့ရပါတယ်။

**မေး။ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကို တည်ဆောက်တဲ့အခါ နိုင်ငံတော်အကြီးအကဲနဲ့ နိုင်ငံတော်အစိုးရအနေနဲ့ အဘက်ဘက်မှ လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ပြည်သူ ပြည်သားတွေအနေနဲ့လည်း အားတက်သရော ဘယ်လိုဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ပေးသင့်သလဲဆိုတာ ယာယီသမ္မတကြီးအနေနဲ့ ပြောပြပေးပါဦးရှင့်။**

**ဖြေ။** အဓိကတော့ ကျွန်တော်တို့က ဘက်ပေါင်းစုံက ကြိုးစားဖို့လိုတယ်။ တစ်ဖက်ကလည်း နိုင်ငံရေးအရ သဘောထားကွဲလွဲမှုတွေလည်း ပြည်ထောင်စုရဲ့အကျိုးကို ရည်မှန်းပြီးတော့ အမြင်ကျယ်ကျယ်နဲ့ လုပ်ဖို့လိုတယ်။ တချို့ပြောဆိုနေကြတာတွေက တော်တော်လေးကို အားနည်းချက်တော့ ရှိတယ်လို့ ကျွန်တော်မြင်တယ်။ အဓိကတော့ သူတို့ နိုင်ငံရေးအရ ဘာသာရေးအရ တိုင်းရင်းသားရေးအရ တချို့ပြောဆိုနေတာလေးပေါ့။ ပြောဆိုတာလေးတွေက ဒီထက်ပိုပြီး အမြင်ကျယ်ကျယ်နဲ့ ပြောဆိုလုပ်ကိုင်မယ်ဆို ပိုကောင်းမယ်လို့ ကျွန်တော်မြင်ပါတယ်။ တစ်ဖက်ကလည်း ကျွန်တော်တို့တွေ ကြိုးစားအားထုတ်မှုလည်း လိုတယ်။ ကြိုးစားအားထုတ်တာက နှစ်ပိုင်းပေါ့။ တစ်ခုကတော့ ပညာသင်ကြားရေးအပိုင်းကို သွားရမယ်။ ဒါက ငြင်းပယ်လို့ မရဘူး။ ပကတိတိုင်းပြည်မှာ ဖြစ်ပျက်နေတဲ့အခြေအနေက ပညာရေးအားနည်းချက်ရှိတယ်လို့ ပြောရမှာပဲ။ ဒုတိယက ဘာလဲဆိုရင် ကုန်ထုတ်လုပ်မှု၊ အလုပ်လုပ်ဖို့ လိုတာပေါ့။ ဒီနှစ်ခု ကျွန်တော်တို့ လုပ်ကိုလုပ်ရမယ်။ ကျွန်တော် ပြောခဲ့ဖူးပါတယ်။ အဲဒါ ဘာလဲဆိုတော့ အရင်တုန်းက ကျွန်တော်တို့က သယံဇာတပစ္စည်းတွေအပေါ်မှာပဲ ရောင်းတာပေါ့။ တွင်းထွက်ပစ္စည်းတွေ၊ ရေနံဓာတ်ငွေ့တွေ ရောင်းတာရှိမယ်။ နောက်တစ်ခါ သစ်တောထွက်ပစ္စည်းတွေ ရောင်းတာရှိမယ်။ ဒါပေမဲ့ ကျွန်တော်တို့က အလုပ်လုပ်ပြီး ထုတ်လို့ရတဲ့ ပစ္စည်းတင်ပို့ရောင်းချမှုက အားနည်းပါတယ်။ ဒါကျွန်တော်က ထောက်ပြပါတယ်။

ဒါ့ကြောင့် ကျွန်တော်တို့က ကျွန်တော်တို့ဆီမှာရှိတဲ့ ရေမြေတောတောင်တွေကို အသုံးချပြီးတော့မှ ကုန်ထုတ်လုပ်မှုလုပ်ငန်းကို သွားဖို့လိုတယ်။ အဲဒါတော့ ခိုင်မာတဲ့ လုပ်ငန်းပဲ။ ခုနက သယံဇာတထုတ်ရောင်းတယ်ဆိုတာ ခိုင်မာတဲ့ လုပ်ငန်းတော့ မဟုတ်ဘူး။ ခိုင်မာတဲ့လုပ်ငန်းဆိုတာ အလုပ်လုပ်ဖို့လိုတယ်။ ကျွန်တော် ကာဇက်စတန် သွားတဲ့အချိန်မှာ သတိပြုမိတာ ရှိတယ်။ ကျွန်တော်တို့က GDP မှာ သုံးခု ဖော်ပြပါတယ်။ ဘာလဲဆိုတော့ စိုက်ပျိုးရေးကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီး၊ ဝန်ဆောင်မှုကဏ္ဍကြီးပေါ့။ သူတို့က စိုက်ပျိုးရေးကဏ္ဍ တော်တော်နည်းတာတွေ့တယ်။ စက်မှုကဏ္ဍနဲ့ ဝန်ဆောင်မှုကဏ္ဍကတော့ တော်တော်လေးများတာ တွေ့ပါတယ်။ စိုက်ပျိုးရေးကဏ္ဍက ၂၀ ရာခိုင်နှုန်းလောက် ရှိတာပေါ့။ သူတို့လည်း သတိပြုမိမယ် ထင်ပါတယ်။ အခု သူတို့လည်း စိုက်ပျိုးရေးတွေ၊ ကုန်ထုတ်လုပ်မှုတွေ တော်တော်လေး အားပေးနေတာတွေ့ပါတယ်။ သူတို့နိုင်ငံမှာ လာရောက်အလုပ်လုပ်ကိုင်မယ်ဆိုရင် ချက်ချင်းကို တိုတောင်းတဲ့ ကာလအတွင်းမှာ ခွင့်ပြုပေးတယ်လို့ ပြောတယ်။ ကျွန်တော်တို့ဆီမှာလည်း ကုန်ထုတ်လုပ်မှုနဲ့ပတ်သက်ရင် လူတိုင်းက စိတ်ဝင်စားဖို့ လိုတယ်။ အရောင်းအဝယ်ထက် ကုန်ထုတ်လုပ်မှုကို အရင်စလုပ်ပြီးတော့ ကုန်ထုတ်လုပ်မှုကတစ်ဆင့် တိုင်းပြည်ဝင်ငွေကို ရအောင်ရှာရမှာ ဖြစ်ပါတယ်။ ဒါကို နိုင်ငံတော်အနေနဲ့ သတိပြုမိဖို့ လိုတယ်လို့ ကျွန်တော် ပြောချင်ပါတယ်။

**မေး။ ယခုခရီးစဉ်ဟာ အောင်မြင်တဲ့ခရီးစဉ်ဖြစ်ခဲ့ပြီး ယာယီသမ္မတကြီးအနေနဲ့ နေ့မအား၊ ညမနား ဆောင်ရွက်ခဲ့တာတွေကို မြင်တွေ့ရတဲ့အတွက်လည်း ဂုဏ်ယူဝမ်းသာမိပါတယ်ရှင့်။ ယာယီသမ္မတကြီးအနေနဲ့လည်း ဒီခရီးစဉ်နဲ့ပတ်သက်ပြီးတော့ အောင်မြင်မှုတွေကို ပြောပြပေးပါဦးရှင့်။**

စာမျက်နှာ ၅ သို့ ☆

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ်ပါတီကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင်၊ ယူနန်ပြည်နယ်ပါတီကော်မတီ၏ နိုင်ငံရေးနှင့် ဥပဒေရေးရာကော်မရှင်အတွင်းရေးမှူး Mr. Hu Dapeng နှင့် တွေ့ဆုံဆွေးနွေး



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ်ပါတီကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင်၊ ယူနန်ပြည်နယ်ပါတီကော်မတီ၏ နိုင်ငံရေးနှင့် ဥပဒေရေးရာကော်မရှင်အတွင်းရေးမှူး Mr. Hu Dapeng တို့ ကူမင်းလေဆိပ်ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၂၉**

ကာဇက်စတန်နိုင်ငံ သမ္မတ H.E.Mr. Kassym-Jomart Tokayev ၏ ဖိတ်ကြားချက်အရ ကာဇက်စတန်နိုင်ငံသို့ အလုပ်သဘောခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ကာဇက်စတန်နိုင်ငံ အက်စတာနာ လေဆိပ်မှ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသို့ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ လိုက်ပါလာသည့် အထူးလေယာဉ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ ကူမင်းလေဆိပ်၌ ခေတ္တရပ်နားခဲ့ရာ တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ်ပါတီကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင်၊ ယူနန်ပြည်နယ်ပါတီကော်မတီ၏ နိုင်ငံရေးနှင့် ဥပဒေရေးရာကော်မရှင် အတွင်းရေးမှူး Mr. Hu Dapeng၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့တောင်အာရှဆိုင်ရာ အထူးကိုယ်စားလှယ် H.E. Mr. Deng Xiju နှင့် တာဝန်ရှိသူများက လေဆိပ်၌ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ် ပါတီကော်မတီ အမြဲတမ်းကော်မတီ အဖွဲ့ဝင်၊ ယူနန်ပြည်နယ် ပါတီကော်မတီ၏ နိုင်ငံရေးနှင့် ဥပဒေရေးရာကော်မရှင်အတွင်းရေးမှူးတို့သည် လေဆိပ်ဧည့်ခန်းမဆောင်၌တွေ့ဆုံဆွေးနွေးရာတွင် တရုတ်နှင့်မြန်မာသည် ခိုင်မာသည့် ဆွေမျိုးပေါက်ဖော် ဆက်ဆံရေးရှိသည့် အိမ်နီးချင်းနိုင်ငံများဖြစ်ပြီး ယုံကြည်ရသည့် မိတ်ဆွေနိုင်ငံဖြစ်သည့် အခြေအနေများ၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် ငလျင်သဘာဝဘေးအပါအဝင် သဘာဝဘေးအန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့ရသည့် အချိန်တိုင်း ကူညီဆောင်ရွက်ပေးလျက်ရှိမှုနှင့် ဆက်လက်၍လည်း လိုအပ်သည်များကို ကူညီပေးသွားမည်ဖြစ်သည့် အခြေအနေများ၊ တရုတ်-မြန်မာ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းမှု ထိန်းသိမ်းရေးအတွက် နှစ်နိုင်ငံအပြည့်အဝ ပူးပေါင်း ဆောင်ရွက်သွားမည့် အခြေအနေများ၊နယ်စပ်ဖြတ်ကျော်မှုခင်းနှိမ်နင်းရေး ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံတွင်ပါဝင်သည့် စီမံကိန်းများ၊ သဘောတူညီချက်များကို အမြန်ဆုံးအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ယူနန်ပြည်နယ်တို့အကြား ကူးလူးဆက်ဆံမှုနှင့် ကုန်သွယ်မှု မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံနှင့်ပြည်သူနှစ်ရပ်အကြား အကျိုးရှိစေမည့် ပူးပေါင်း ဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားနိုင်မည့် ကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်၍ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြသည်။

**တရုတ်-မြန်မာ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းမှု ထိန်းသိမ်းရေးအတွက် နှစ်နိုင်ငံအပြည့်အဝ ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ နယ်စပ်ဖြတ်ကျော်မှုခင်းနှိမ်နင်းရေး ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံတွင်ပါဝင်သည့် စီမံကိန်းများ၊ သဘောတူညီချက်များကို အမြန်ဆုံးအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ယူနန်ပြည်နယ်တို့အကြား ကူးလူးဆက်ဆံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံနှင့်ပြည်သူနှစ်ရပ်အကြား အကျိုးရှိစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် ကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်၍ ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေး**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ်ပါတီကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင်၊ ယူနန်ပြည်နယ်ပါတီကော်မတီ၏ နိုင်ငံရေးနှင့် ဥပဒေရေးရာကော်မရှင်အတွင်း ရေးမှူး Mr. Hu Dapeng နှင့် တာဝန်ရှိသူများက ကူမင်းလေဆိပ်၌ လှိုက်လှဲနွေးထွေးစွာကြိုဆိုကြစဉ်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာရာ တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ်ပါတီကော်မတီအမြဲတမ်းကော်မတီ အဖွဲ့ဝင်၊ ယူနန်ပြည်နယ်ပါတီကော်မတီ၏ နိုင်ငံရေးနှင့် ဥပဒေရေးရာ ကော်မရှင်အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက လိုက်လံပို့ဆောင် နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

☆ စာမျက်နှာ ၄ မှ

ဖြေ။ အောင်မြင်တဲ့ခရီးစဉ်ပါဗျ။ ရုရှားနိုင်ငံကို ကျွန်တော်တို့သွားတဲ့ အချိန်မှာ အဏုမြူကိစ္စနဲ့ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် လက်မှတ်ရေးထိုးနိုင်ခဲ့တယ်။ နောက်တစ်ခါ အာကာသနဲ့ပတ်သက်တဲ့ ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက် လက်မှတ်ရေးထိုးနိုင်ခဲ့တယ်။ ဒီနှစ်ခုကို သဘောတူညီချက်ယူခဲ့တာရှိပါတယ်။ အဲဒါလည်း နိုင်ငံအတွက် ခြေလှမ်းသစ်တွေ စပြီးချလိုက်တာပေါ့။ နောက်တစ်ခုက ကာဇက်စတန်နိုင်ငံပေါ့။ ကာဇက်စတန်နိုင်ငံက တရားဝင်လွတ်လပ်ရေးရတာတော့ ၁၉၉၁ ခုနှစ်နှောင်းပိုင်းကျမှ လွတ်လပ်ရေးရတာပါ။ ဒါပေမယ့် သမိုင်းကြောင်းအခြေခံက အများကြီး ရှိခဲ့ပါတယ်။ သူ့ရဲ့ လူသားအရင်းအမြစ်၊ သဘာဝအရင်းအမြစ်တွေကို အသုံးချပြီးလုပ်တဲ့အခါမှာ အခုတိုးတက်မှုတွေက မျက်ဝါးထင်ထင် မြင်ရတာပေါ့။ ဒီလိုပဲ အက်စတာနာမြို့တော်တည်လာတာ ကျွန်တော်တို့ နေပြည်တော်ထက် နည်းနည်းလေးပဲစောပါတယ်။ ဒါပေမယ့် သူတို့ကတော့ မြေအနေအထား အတော်လေးသေးတဲ့အတွက်ကြောင့် တည်ဆောက်ရေးက အတော်လေးအားရတာပေါ့လေ။ အတုယူစရာတွေ တွေ့တာပေါ့။ ကျွန်တော်သွားကြည့်ခဲ့ပါတယ်။ ကျွန်တော်တို့နိုင်ငံလည်း ဒီလိုမျိုး တိုးတက်တဲ့မြို့ပြတည်ဆောက်မှုတွေ ဘယ်လိုလုပ်ကြမလဲ ဆိုတာလည်း စဉ်းစားလုပ်ကိုင်လို့ရတာပေါ့။ ဒါကလည်း အောင်မြင်မှုလို့ ကျွန်တော်ပြောချင်ပါတယ်။

**သတင်းစဉ်**

# လင်ကွမ်းစီကျောင်းတိုက် ဆရာတော်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်အမှူးပြုသည့် ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညို



ရန်ကုန် စက်တင်ဘာ ၂၉

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ လင်ကွမ်းစီကျောင်းတိုက် ဆရာတော် VAN SHICHANG ZANG ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ မဟာဝိဇယမင်္ဂလာဓမ္မသဘင်၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အမှူးပြုသော တာဝန်ကျ ပထမအဖွဲ့ခွဲ ဆရာတော်ကြီး ရှစ်ပါးတို့အား လာရောက်ဖူးမြော်ကြည်ညိုသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော် ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသ၊ တာဝန်ကျ ပထမအဖွဲ့ခွဲ ဒုတိယဥက္ကဋ္ဌဆရာတော်များ၊ တွဲဖက်အကျိုးတော်ဆောင်ဆရာတော်များ၊ အဖွဲ့ဝင်ဆရာတော်များ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် သာသနာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ လင်ကွမ်းစီကျောင်းတိုက် ဆရာတော်နှင့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်အမှူးပြုသည့် တာဝန်ကျ ပထမအဖွဲ့ခွဲ ဆရာတော်ကြီးများနှင့် လင်ကွမ်းစီကျောင်းတိုက် ဆရာတော်တို့က အပြန်အလှန် မိတ်ဆက်စကားပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးက သာရဏီယကထာ မြွက်ကြားချီးမြှင့်ရာတွင် မြန်မာ-တရုတ် နှစ်နိုင်ငံသည် ရှေးရိုးအစဉ်အလာ ချစ်ကြည်ရင်းနှီးသော အိမ်နီးချင်းနိုင်ငံများဖြစ်ကြောင်း၊ ဗုဒ္ဓဘာသာဟူသော ဘာသာရေး ရင်းနှီးမှုအခြေခံဖြင့် လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် သာသနာရေးနယ်ပယ်စုံတွင် ဆက်ဆံရေးတိုးတက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံသည် ထေရဝါဒ၏ ဦးဆောင်နိုင်ငံဖြစ်သော်လည်း မဟာယာနစသော ဂိုဏ်းအားလုံးနှင့် ညီညွတ်စွာ သာသနာရေးကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိကြောင်း၊ လောကတွင် ရာဂ၊ ဒေါသ၊ မောဟ ကိလေသာမီးများ ပြင်းထန်နေသဖြင့် ဒုက္ခမျိုးစုံကြုံတွေ့နေရကြောင်း၊ ဗုဒ္ဓဘာသာဝင်အားလုံးအား မိမိတို့စိတ်တွင်းရှိ ကိလေသာမီးများကို မဂ္ဂင်တရားဖြင့် ငြိမ်းသတ်ကာ၊ ဤအကျင့်မြတ်ကို ကမ္ဘာအနှံ့ပြန့်ပွားစေရန် စုပေါင်းအားထုတ်ကြရန်လိုကြောင်း မိန့်ကြားသည်။

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ လင်ကွမ်းစီကျောင်းတိုက်ဆရာတော်က သာသနာရေးဆိုင်ရာကိစ္စရပ်များ လျှောက်ထားသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသနှင့် လင်ကွမ်းစီကျောင်းတိုက် ဆရာတော်တို့က ဓမ္မလက်ဆောင်များ အပြန်အလှန်ပေးအပ်ကြပြီး နိုင်ငံတော်သံဃမဟာ နာယကကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ လင်ကွမ်းစီကျောင်းတိုက် ဆရာတော်ကိုယ်စား Mr. Chu Shiweiက အလှူငွေပေးအပ်ရာ သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က လက်ခံရယူကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မွန်းလွဲ ၃ နာရီတွင် လင်ကွမ်းစီကျောင်းတိုက် ဆရာတော်အား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ ဝန်ကြီးရုံးဧည့်ခန်းမ၌ ဂါရဝပြုတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက သာသနာတော်ထွန်းကားပြန့်ပွားရေးဆိုင်ရာ ကိစ္စရပ်များနှင့် တရုတ်-မြန်မာနှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာ ဗုဒ္ဓသာသနာတော်ကြီး အဓွန့်ရှည်တည်တံ့နိုင်ရေး ဆောင်ရွက်နိုင်ပါစေဟု အလေးအနက် ဆုတောင်းအပ်ပါကြောင်း လျှောက်ထားကာ လင်ကွမ်းစီကျောင်းတိုက် ဆရာတော်က သာသနာရေးဆိုင်ရာ ကိစ္စရပ်များ ပြန်လည်မိန့်ကြားခဲ့ပြီး ဓမ္မလက်ဆောင်များ အပြန်အလှန်ပေးအပ်ကြသည်။

ယနေ့နံနက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ လင်ကွမ်းစီကျောင်းတိုက် ဆရာတော် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ရောက်ရှိပြီး ရွှေတိဂုံစေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီး ဆက်ကပ်လှူဒါန်းကာ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် လင်ကွမ်းစီကျောင်းတိုက် ဆရာတော်က ရွှေတိဂုံစေတီတော်မြတ်ကြီးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာ ဘဏ္ဍာတော်ထိန်းဂေါပကအလှည့်ကျသဘာပတိက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်၍ ရွှေတိဂုံစေတီတော်မြတ်ကြီးအား လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် တောင်ဘက်မုခ် ဧည့်ခန်းမဆောင်၌ ရန်ကုန်တိုင်းဒေသကြီး သံဃမဟာနာယအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာဘဒ္ဒန္တအဂ္ဂသာမိက လင်ကွမ်းစီကျောင်းတိုက်ဆရာတော် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အားတွေ့ဆုံ၍ နှစ်နိုင်ငံသာသနာရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးရဲတင့် အမျိုးသားစာပေတစ်သက်တာဆု စိစစ်ရွေးချယ်ရေး အဖွဲ့ဝင်များနှင့် တွေ့ဆုံ၊ ဝဇီရာရုပ်ရှင်ရုံ ပြုပြင်မွမ်းမံနေမှုကြည့်ရှု

ရန်ကုန် စက်တင်ဘာ ၂၉

ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ အမျိုးသားစာပေတစ်သက်တာဆု စိစစ်ရေးအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ဆုရွေးချယ်ရေးနှင့် စာပေဆုချီးမြှင့်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့် မြို့နယ် ဥယျာဉ်ရပ်ကွက် ဗိုလ်မင်းခေါင်လမ်း အမှတ်(၁၈-အေ)ရှိ စာဆိုဗိမာန် အဆောက်အအုံ သုံးထပ် (RC) ဆောက်လုပ်နေမှုနှင့် စာပေဗိမာန်စာကြည့်တိုက် ပြုပြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာ ဒုတိယဝန်ကြီးက ဆောက်လုပ်နေမှုအား သတ်မှတ်ချိန်အမီပြီးစီးရေး၊ အရည်အသွေးကောင်းမွန်ရေးနှင့် အဆောက်အအုံပြီးစီးမှုနှင့် အတူ ပရိဘောဂနှင့် ခင်းကျင်းပြသရေးဆိုင်ရာများ တစ်ပြိုင်တည်း ပြီးစီးရေး ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်လမ်းရှိ ဝဇီရာရုပ်ရှင်ရုံသို့ရောက်ရှိကာ ဝဇီရာရုပ်ရှင်ရုံအား ရှေးဟောင်းလက်ရာမပျက် ပြုပြင်မွမ်းမံပြီး နိုင်ငံတကာအဆင့်မီ ဂုဏ်ပြုခံကဇာတ်ရုံအဖြစ် တည်ဆောက်ပြုပြင်ရေး ဆောင်ရွက်ရန် လျာထားသည့် ကုမ္ပဏီနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ ဆောင်ရွက်မည့် အစီအမံများ အမြန်ပြုစုတင်ပြနိုင်ရေးနှင့် လုပ်ငန်းဆိုင်ရာများကို ညှိနှိုင်းဆွေးနွေးခဲ့သည်။

**သတင်းစဉ်**



ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့် ဝဇီရာရုပ်ရှင်ရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ် (၂၁၆) သင်တန်းဖွင့်

ရန်ကုန် စက်တင်ဘာ ၂၉

စာရေးဝန်ထမ်း သင်တန်း အမှတ်စဉ်(၂၁၆)၏ သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ရတနာသိဃ်ခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ် ဦးကျော်ထွေး၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ပညာဌာနများမှ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။



သင်တန်းဖွင့်ပွဲတွင် ပါမောက္ခချုပ် ဦးကျော်ထွေးက သင်တန်းသား သင်တန်းသူများအနေဖြင့် နိုင်ငံ့ဝန်ထမ်း တက္ကသိုလ်က ချမှတ်ထားသည့် သင်တန်းဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာပြီး သင်တန်းကာလအတွင်း မိမိတို့ဝန်ကြီးဌာန၏ ဂုဏ်ကို ဆောင်နိုင်သူများဖြစ်အောင် ကြိုးစားကြရန်နှင့် မိမိတို့တာဝန်ယူရသည့် လုပ်ငန်းများကို စဉ်ဆက်မပြတ် မှန်မှန်ကန်ကန် လုပ်ဆောင်ပြီး နိုင်ငံ့အကျိုးကို ရှေးရှု၍ ပြည်သူကို အလုပ်အကျွေးပြုရန်လိုကြောင်း တိုက်တွန်းမှာကြားသည်။

စာရေးဝန်ထမ်း သင်တန်း အမှတ်စဉ်(၂၁၆)သို့ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ သင်တန်းသား ၁၃၂ ဦး၊ သင်တန်းသူ ၂၄၄ ဦး စုစုပေါင်း ၃၇၆ ဦး တက်ရောက်ကြပြီးသင်တန်းကာလမှာစက်တင်ဘာ ၂၉ ရက်မှ ဒီဇင်ဘာ ၁၀ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

### ❍ နယူးကာဆယ်မှ

အာဆင်နယ်အသင်းဟာ နယူးကာဆယ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ်ခြောက်ပွဲ ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၁၃ မှတ်ဖြင့် အမှတ်ပေးဇယား အဆင့်(၂)နေရာမှာ ရပ်တည်နိုင်ခဲ့တာဖြစ်ပါတယ်။

နယူးကာဆယ်အသင်း ကတော့ အာဆင်နယ်အသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ်ခြောက်ပွဲ ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၆ မှတ်ဖြင့် အမှတ်ပေးဇယား အဆင့်(၁၅)နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

**ငွေကြယ်**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

**ရွေးကောက်ပွဲ ကျင်းပရန်**

**၈၉ ရက်**

**သာ လိုတော့သည်။**

## အမြဲတမ်းနေရပ်သို့ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက ရောက်ရှိနေရာတွင်မဲပေးနိုင်ရေး မဲစာရင်းထည့်သွင်းရန် ဆောင်ရွက်ရမည့်နည်းလမ်း

❖ အနည်းဆုံးရက်ပေါင်း(၁၈၀)ထက်မနည်း မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပသို့ရောက်ရှိနေပြီး မိမိ၏အမြဲတမ်းနေရပ်သို့ ပြန်လည်၍မဲပေးလိုခြင်းမရှိပါက မိမိရောက်ရှိနေသော မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေးအတွက် မိမိအမည်ကို မဲစာရင်းတွင်ထည့်သွင်းပေးရန် တောင်းဆိုလွှာ ပုံစံ(၃-က)ဖြင့် ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက်နောက်မကျစေဘဲ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြလျှောက်ထားရန်။

## မဲဆန္ဒရှင်ပြည်သူများသို့ မေတ္တာရပ်ခံချက်

၂၀၂၅ ခုနှစ် စက်တင်ဘာလ ၂၉ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းများကို ၃၀ - ၉ - ၂၀၂၅ ရက်နေ့မှ ၁၃ - ၁၀ - ၂၀၂၅ ရက်နေ့အထိ ၁၄ ရက်ကြာ သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများနှင့် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများတွင် ပထမအကြိမ်အဖြစ် ကပ်ထားကြေညာမည်ဖြစ်ပါသည်။ အကြောင်းအမျိုးမျိုးကြောင့် ရပ်ကွက်နှင့်ကျေးရွာအုပ်စုများတွင် ကပ်ထားကြေညာနိုင်ခြင်းမရှိပါက သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးများတွင် မဲစာရင်းကြည့်ရှုနိုင်ရေး ဆောင်ရွက်ထားမည်ဖြစ်ပါသည်။ မဲဆန္ဒရှင်စာရင်းများကပ်ထားကြေညာစဉ် မဲဆန္ဒရှင်များက မဲစာရင်းလာရောက်ကြည့်ရှုမှသာ ပြည့်စုံမှန်ကန်သော မဲစာရင်းရရှိနိုင်မည်ဖြစ်ပါသည်။

၂။ မဲဆန္ဒရှင်များအနေဖြင့် မဲစာရင်းကိုလာရောက်ကြည့်ရှုပြီး မိမိအမည် မဲစာရင်းတွင် မပါဝင်ပါက ပုံစံ ( ၃ ) ဖြင့် မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန်တောင်းဆိုခြင်း၊ မပါဝင်သင့်သူများပါဝင်နေပါက ပုံစံ (၄) ဖြင့် ကန့်ကွက်ခြင်း၊ မဲစာရင်းပါအချက်အလက်များ မှားယွင်းနေပါက ပုံစံ (၄-က) ဖြင့် ပြင်ဆင်လွှာ တင်သွင်းခြင်းတို့ကို ဆောင်ရွက်စေလိုပါသည်။ လိုအပ်သောပုံစံများကိုလည်း ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ **(အခမဲ့)** ရယူနိုင်ပါသည်။ ထိုသို့ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းတို့ ဆောင်ရွက်ပြီးပါက အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းကို ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလအတွင်းတွင် နောက်ဆုံးအကြိမ်အဖြစ် ထပ်မံကပ်ထား ကြေညာမည်ဖြစ်ပါသည်။ မဲဆန္ဒရှင်များအနေဖြင့်လည်း လိုအပ်သော တောင်းဆိုမှု၊ ပြင်ဆင်မှု၊ ကန့်ကွက်မှုများ ထပ်မံဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အိမ်ထောင်စုတစ်စုလျှင် အနည်းဆုံးတစ်ဦး (မပျက်မကွက်) လာရောက်ကြည့်ရှုခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဟိုတယ်များအား ကြည့်ရှုစစ်ဆေး



**နေပြည်တော် စက်တင်ဘာ ၂၉**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနသည် ခရီးသွားရာသီအမီ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများအသင့်ဖြစ်နေစေရေး၊ မန္တလေးငလျင်ကြီးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ အနေဖြင့် ပြုပြင်မွမ်းမံမှုများ ပြုလုပ်ပြီး အမြန်ပြန်လည်ဖွင့်လှစ် လည်ပတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ ငလျင်ဘေးသင့် ဟိုတယ်များ ပြုပြင်ဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးမှုနှင့် လုပ်ငန်း လည်ပတ်နေမှုကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ဟိုတယ်များမှ တာဝန်ရှိသူများက ငလျင်ဒဏ်သင့် အဆောက်အအုံ၊ အခန်းများ၊ ခန်းမများအား ပြုပြင်မွမ်းမံဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးမှု၊ ပြင်ဆင်ပြီးအခန်းများတွင် ဧည့်သည်များ လက်ခံပြီး လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဟိုတယ်များသို့ ဧည့်သည်များ ပိုမိုလာရောက် တည်းခိုကြရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိသည့် အစီအစဉ်များနှင့် ဆောင်ရွက်ပေးစေလိုသည်များကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက မန္တလေးတိုင်းဒေသကြီး အတွင်း၌ အထင်ကရ ခရီးစဉ်ဒေသများ၊ ခရီးသွား ဆွဲဆောင်ရာနေရာများစွာရှိသည့်အတွက် ခရီးသွားရာသီအမီ ဟိုတယ်လုပ်ငန်းများကို အဆင်သင့် ပြင်ဆင်ထားရှိရေး၊ ဟိုတယ်များအနေဖြင့် ပြည်ပခရီးသွား ဈေးကွက်သာမက ပြင်တွင်းခရီးသွား ဈေးကွက်ကို ဦးတည်၍ ဆောင်ရွက်ကြရေး၊ ငလျင်ဒဏ်သင့် ဟိုတယ်အဆောက်အအုံ၊ အခန်းများ၊ ခန်းမများအား ပြင်ဆင်ရာတွင် သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ ပြင်ဆင်ကြရန်နှင့် ဟိုတယ်သို့ လာရောက်တည်းခိုသည့် ဧည့်သည်များအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပေးကြေညာချက်များ ထားရှိရေး၊ ဟိုတယ်ဝန်ထမ်းများ ကိုလည်း အရည်အသွေး ပြည့်ဝသည့် ကျွမ်းကျင်ဝန်ထမ်းများဖြစ်အောင် သင်ကြားလေ့ကျင့်ပြီး ဝန်ဆောင်မှုအဆင့်အတန်း မြင့်မားလာအောင် ဆောင်ရွက်ကြရေး၊ ဟိုတယ်များတွင် ဧည့်သည်များကို ဆွဲဆောင်သည့် အစီအစဉ်များ ဖန်တီးဆောင်ရွက်ရေး၊ မကြာမီ ပွင့်လင်းရာသီ ရောက်ရှိတော့မည်ဖြစ်၍ မီးဘေးလုံခြုံရေးအတွက် အထူးဂရုပြုပြီး ကြိုတင်ကာကွယ်ရေးအစီအမံများကို ပြည့်စုံစွာ ဆောင်ရွက်ကြရေး၊ ဟိုတယ်များအနေဖြင့် မြို့တော်အင်္ဂါရပ်နှင့်အညီဖြစ်စေရန် သန့်ရှင်းသာယာလှပရေးကို အမြဲမပြတ်ဆောင်ရွက်ကြရေးနှင့် စပ်လျဉ်း၍ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## သထုံမြို့နယ်၌ သမဝါယမကဏ္ဍဖြင့် မိုးစပါးစိုက်ပျိုးထားရှိမှု တာဝန်ရှိသူများကွင်းဆင်းစစ်ဆေး



**သထုံ စက်တင်ဘာ ၂၉**

မွန်ပြည်နယ် သထုံမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ၂၀၂၅-၂၀၂၆ ခုနှစ် သမဝါယမကဏ္ဍမှ မိုးစပါးစီမံကိန်းဆောင်ရွက်သည့် ကတိုက်ကလေးကျေးရွာ၊ ကတိုက်ကလေး စိုက်ပျိုးရေးနှင့်အထွေထွေသမဝါယမအသင်းမှ အသင်းသားတောင်သူတစ်ဦး၏ မိုးစပါးစိုက်ခင်းအား တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ကြည့်ရှုစစ်ဆေးသည်။

ကွင်းဆင်းကြည့်ရှုရာတွင် ပြည်နယ်သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ခင်မာအေးနှင့် တာဝန်ရှိသူတို့က ကတိုက်ကလေးကျေးရွာစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမ အသင်းသားတောင်သူဦးအေးသိန်း၏ မိုးစပါးစိုက်ခင်းအား ကြည့်ရှုကာ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ မိုးစပါးစိုက်ခင်းများ၌ ဓာတ်မြေဩဇာများ အချိန်ကိုက် အချိုးကျထည့်သွင်းရေးနှင့် အပင်ကြီးထွားချိန်၌ ပိုးမွှားရောဂါကျရောက်မှုမရှိအောင်ဂရုစိုက်ဆောင်ရွက်ရေး လိုအပ်သည်တို့ကို မြို့နယ်သမဝါယမအသင်းစုနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေး မှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# အန္တရာယ်ကြီးမားသည့် တရားမဝင်ကုန်သွယ်မှုများကို တားဆီးထိန်းချုပ်နိုင်ရန်အတွက် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ပူးပေါင်းဆောင်ရွက်ကြပါစို့

ဖိုးအောင်

စာရေးသူတို့နိုင်ငံ၏ ပထဝီအနေအထားအရ နယ်စပ်တစ်လျှောက် နှစ်နိုင်ငံထိစပ်မှုဧရိယာ ရှည်လျားပြီး တောတောင်ရေမြေအားဖြင့် အချို့နယ်စပ်ဒေသများတွင် အိမ်နီးချင်းနိုင်ငံများနှင့် ကုန်းနယ်နိမိတ်၊ ရေနယ်နိမိတ် ထိစပ်လျက်ရှိကြောင်း တွေ့ရှိရပြီး နှစ်နိုင်ငံနယ်စပ် ထိစပ်နေသည့်နေရာများကို အသုံးပြု၍ ဝိသမလောဘစီးပွားရေးသမားများနှင့် ဆန့်ကျင်ဘက်အဖွဲ့အစည်းများအနေဖြင့် တရားမဝင် ဝင်/ ထွက်ဂိတ်များမှတစ်ဆင့် ကုန်ပစ္စည်းဝင်/ ထွက်ဖြတ်သန်းမှုများ ဆောင်ရွက်လျက်ရှိပြီး တရားမဝင်ကုန်သွယ်မှုများ ဆောင်ရွက်နေကြောင်း သိရှိရပါသည်။


လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များ


တရားမဝင် သစ်များ


Elastic Rope


Metal Drinking Bottle with Lid

တရားမဝင်ကုန်သွယ်မှုများကြောင့် နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အဟန့်အတားဖြစ်စေပြီး နိုင်ငံတော်၏ ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာငွေများ ဆုံးရှုံးနစ်နာစေသည့်အပြင် အသေးစား၊ အငယ်စား၊ အလတ်စား ပြည်တွင်းစီးပွားရေး ကုန်ထုတ်လုပ်ငန်းများ (Micro၊ Small and Medium Enterprises – MSME) ကိုလည်း ထိခိုက်စေသည့်အတွက် နိုင်ငံတော်နှင့် တိုင်းရင်းသားလုပ်ငန်းရှင်များ၏ ကုန်ထုတ်လုပ်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်း ဆုံးရှုံးမှုများစွာ ဖြစ်ပေါ်ပြီး အလုပ်အကိုင်အခွင့်အလမ်း ဆုံးရှုံးခြင်း၊ အလုပ်လက်မဲ့များပြားလာခြင်းများ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ တရားမဝင်ကုန်သွယ်မှုလုပ်ငန်းများ ကြီးထွားလာခြင်းကြောင့် ငွေကြေးမတည်ငြိမ်မှုများနှင့် ကုန်ဈေးနှုန်းကြီးမြင့်သည့်ဒဏ်ကို ပြည်သူအများ ခံစားရသည့်အပြင် နိုင်ငံတော်၏ လုံခြုံရေးနှင့် တရားဥပဒေ စိုးမိုးရေးကိုလည်း ထိခိုက်စေသည့်အတွက် တရားမဝင်ကုန်သွယ်မှုများအား အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ထိထိရောက်ရောက် ပြတ်ပြတ်သားသား တားဆီးနှိမ်နင်းရန် လိုအပ်လျက်ရှိကြောင်း တွေ့ရပါသည်။

**❛ နိုင်ငံတော်၏ နယ်စပ်ဒေသလမ်းကြောင်းများတွင် လက်ရှိဖြစ်ပေါ်နေသော အခြေအနေများကို အခွင့်ကောင်းယူ၍ ဝိသမလောဘ စီးပွားရေးသမားများက တရားမဝင်ကုန်သွယ်မှုများအား ပိုမိုဆောင်ရွက်လျက်ရှိကြောင်းနှင့် နယ်စပ်ရှိ တရားမဝင် အွန်လိုင်းလောင်းကစားကိစ္စများကို တစ်ဖက်က အားပေးလျက်ရှိနေကြောင်းတွေ့ရှိရပြီး နှစ်နိုင်ငံ ကုန်သွယ်မှုကိန်းဂဏန်း အချက်အလက်များနှင့် ဖမ်းဆီးမှုစာရင်းဇယားမှတ်တမ်းများအရ သုံးသပ်တွေ့ရှိရပေသည်။ နယ်စပ်ဒေသလမ်းကြောင်းများမှ ထိထိရောက်ရောက် တားဆီးထိန်းချုပ်ရန် လိုအပ်သကဲ့သို့ လူမှုကွန်ရက်များပေါ်မှ တရားမဝင်ကုန်ပစ္စည်းရောင်းဝယ်ဖောက်ကားမှု၊ တရားမဝင်သယ်ဆောင်မှုများကိုလည်း လျစ်လျူရှုထား၍ မရ ❜**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီမှ **“တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ”** ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလတွင် ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ လမ်းညွှန်မှုဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့များဖွဲ့စည်း၍လည်းကောင်း၊အကောက်ခွန်ဦးစီးဌာနမှ OSS အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူ၍လည်းကောင်း သက်ဆိုင်ရာဌာနများဖြင့် ပူးပေါင်း၍ တားဆီးဖမ်းဆီးစစ်ဆေးခြင်းများကို ကြပ်ကြပ်မတ်မတ် ဆောင်ရွက်လျက်ရှိပါသည်။

ဤမျှ တရားမဝင်ကုန်သွယ်မှုများအား ကြပ်ကြပ်မတ်မတ် တားဆီးဖမ်းဆီး ဆောင်ရွက်နေသော်လည်း တရားမဝင်ကုန်သွယ်မှုများကား ပျောက်ကွယ်သွားခြင်း မရှိသေးပေ။ အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်မှုပမာဏကိန်းဂဏန်းများ နှိုင်းယှဉ်ကြည့်လျှင် ကွာခြားမှုများရှိနေဆဲပင် ဖြစ်သည်။ ဝိသမလောဘ စီးပွားရေးသမားများကလည်း တရားမဝင် ကုန်သွယ်မှုများ ဆောင်ရွက်နိုင်မည့် လမ်းကြောင်းများနှင့် နည်းလမ်းမျိုးစုံကို ရှာဖွေ၍ ပြုလုပ်နေကြဆဲဖြစ်သည်။

ယခုနောက်ပိုင်းတွင် ဈေးကွက်အတွင်း၌ ကုန်အမှတ်တံဆိပ်အတုများဖြင့် ဖြန့်ဖြူးရောင်းချနေသည့် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများကို တွေ့မြင်ရသည့်အတွက် စိုးရိမ်ဖွယ်ရာ အခြေအနေတစ်ရပ်ကို ထပ်မံတွေ့ရှိရပါသည်။ ကုန်အမှတ်တံဆိပ်အတုများဖြင့် ရောင်းချနေသော ကျန်းမာရေးထောက်ခံချက် မရှိသည့် စားသောက်ကုန်များနှင့်အလှကုန်ပစ္စည်းများ၊ ဆေးဝါးများကို အများပြည်သူသုံးစွဲမိပါက အန္တရာယ်ကြီးမားပေသည်။ ထို့အပြင် ပြည်တွင်းထုတ် စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများအား ကုန်အမှတ်တံဆိပ်အတုများဖြင့် ဖြန့်ဖြူးရောင်းချလာပါက အသေးစား၊ အငယ်စား၊ အလတ်စား ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ (Micro၊ Small and Medium Enterprises – MSME) ၏ ရေရှည်တည်တံ့နိုင်မည့် အကျိုးစီးပွားကို များစွာ ထိခိုက်စေမည်ဖြစ်ပါသည်။

နိုင်ငံတော်၏ နယ်စပ်ဒေသလမ်းကြောင်းများတွင် လက်ရှိဖြစ်ပေါ်နေသော အခြေအနေများကို အခွင့်ကောင်းယူ၍ ဝိသမလောဘစီးပွားရေးသမားများက တရားမဝင်ကုန်သွယ်မှုများအား ပိုမိုဆောင်ရွက်လျက်ရှိကြောင်းနှင့် နယ်စပ်ရှိ တရားမဝင် အွန်လိုင်းလောင်းကစားကိစ္စများကို တစ်ဖက်က အားပေးလျက်ရှိနေကြောင်း တွေ့ရှိရပြီး နှစ်နိုင်ငံ ကုန်သွယ်မှု ကိန်းဂဏန်းအချက်အလက်များနှင့် ဖမ်းဆီးမှုစာရင်းဇယား မှတ်တမ်းများအရ သုံးသပ်တွေ့ရှိရပေသည်။ နယ်စပ်ဒေသ လမ်းကြောင်းများမှ ထိထိရောက်ရောက် တားဆီးထိန်းချုပ်ရန် လိုအပ်သကဲ့သို့ လူမှုကွန်ရက်များပေါ်မှ တရားမဝင် ကုန်ပစ္စည်း ရောင်းဝယ်ဖောက်ကားမှု၊ တရားမဝင် သယ်ဆောင်မှုများကိုလည်း လျစ်လျူရှုထား၍ မရပေ။

အွန်လိုင်းပလက်ဖောင်းမှ တရားမဝင် ရောင်းဝယ်မှု၊ သယ်ဆောင်မှုလုပ်ငန်းများ ကြီးမားကျယ်ပြန့်လာသည်နှင့်အမျှ နိုင်ငံတော်၏ ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာငွေများ နစ်နာဆုံးရှုံးစေသည့်အပြင် အရည်အသွေးမပြည့်မီသော ကုန်ပစ္စည်းများ၊ ကျန်းမာရေးထောက်ခံချက်မရှိသော စားသောက်ကုန်၊ အလှကုန်နှင့် ဆေးဝါးများပါ ရောင်းဝယ်ဖောက်ကားမှုများ ရှိသည့်အတွက် ပြည်သူများ၏ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများကို ထိခိုက်စေမည်ဖြစ်ပါသည်။ နိုင်ငံတော်နှင့် ပြည်သူတို့အတွက် အလွန်အန္တရာယ်ကြီးမားသည့် စိန်ခေါ်မှုတစ်ရပ်ဟုပင် ဆိုနိုင်သည်။

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့များ၏ ဖမ်းဆီးရမိခဲ့သည့် အချက်အလက်များအရ မော်တော်ဆိုင်ကယ်၊ မော်တော်ယာဉ်နှင့် ယန္တရားများသာမက မူးယစ်ဆေးဝါးနှင့် ထိန်းချုပ်ဓာတုပစ္စည်းများပါ ဖမ်းဆီးရမိနေသည့်အတွက် တရားမဝင်ကုန်သွယ်မှုများသည် ကြီးမားကျယ်ပြန့်နေခဲ့သော်လည်း အခြေအနေကို ထိန်းချုပ်လာနိုင်ခဲ့ပါသည်။ တရားမဝင်ကုန်သွယ်မှုများသည် ပြည်သူလူထု၏ ကျန်းမာရေးရှုထောင့်၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးရှုထောင့်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးရှုထောင့် မည်သည့်ရှုထောင့်မှ ကြည့်သည်ဖြစ်စေ ထိခိုက်နစ်နာဆုံးရှုံးမှုများသာ ဖြစ်သည့်အတွက် ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်၍ ထိထိရောက်ရောက် ကာကွယ်တားဆီး ဆောင်ရွက်သင့်ပါသည်။ တရားမဝင်ကုန်သွယ်မှုများ ပပျောက်သွားသည်အထိ ဝိုင်းဝန်းတားဆီးဆောင်ရွက်ရန် လိုအပ်ကြောင်း ပြည်သူတစ်ရပ်လုံး သိရှိစေရန်အတွက်လည်း အသိပညာပေးခြင်းများ ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။

နိုင်ငံတော်မှ တာဝန်ပေးအပ်ထားသည့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီနှင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များက တရားမဝင်ကုန်သွယ်မှုများအား ကြပ်ကြပ်မတ်မတ် ထိထိရောက်ရောက် ကာကွယ်တားဆီးဆောင်ရွက်လျက်ရှိပြီး အများပြည်သူများ သတင်းပေးတိုင်ကြားနိုင်ရန်အတွက်လည်း နိုင်ငံပိုင်သတင်းစာများ၊ FM Radio များတွင် တိုင်ကြားနိုင်သည့် ဖုန်းနံပါတ်များနှင့် E-mail လိပ်စာများအား ဖော်ပြလျက်ရှိပါသည်။ တရားမဝင်ကုန်သွယ်မှု သတင်းများနှင့်ပတ်သက်၍ သတင်းပေးပို့ပူးပေါင်းဆောင်ရွက်သည့် တာဝန်သိပြည်သူများအား နိုင်ငံတော်က သတင်းပေးဆုကြေးငွေများ ထိုက်ထိုက်တန်တန် ထုတ်ပေးချီးမြှင့်လျက်ရှိကြောင်း သိရှိရသည်။ ပြည်သူလူထုအနေဖြင့်လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံသားတို့၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံချစ်စိတ်၊ အမျိုးသားရေးစိတ်ဓာတ်များဖြင့် တရားမဝင် ကုန်သွယ်မှုများ ပပျောက်သွားသည်အထိ ပူးပေါင်းပါဝင် ကူညီကြစေလိုကြောင်းနှင့် နိုင်ငံတော်က ချီးမြှင့်ပေးအပ်သော သတင်းပေးဆုငွေကို ရယူ၍ တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးကို ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းတင်ပြလိုက်ရပါသည်။ ။

**❛ တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များ၏ ဖမ်းဆီးရမိခဲ့သည့် အချက်အလက်များအရ မော်တော်ဆိုင်ကယ်၊ မော်တော်ယာဉ်နှင့် ယန္တရားများသာမက မူးယစ်ဆေးဝါးနှင့် ထိန်းချုပ်ဓာတုပစ္စည်းများပါ ဖမ်းဆီးရမိနေသည့်အတွက် တရားမဝင်ကုန်သွယ်မှုများသည် ကြီးမားကျယ်ပြန့်နေခဲ့သော်လည်း အခြေအနေကို ထိန်းချုပ်လာနိုင်ခဲ့ပါသည်။ တရားမဝင်ကုန်သွယ်မှုများသည် ပြည်သူလူထု၏ ကျန်းမာရေးရှုထောင့်၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးရှုထောင့်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးရှုထောင့် မည်သည့်ရှုထောင့်မှ ကြည့်သည်ဖြစ်စေ ထိခိုက်နစ်နာဆုံးရှုံးမှုများသာ ဖြစ်သည့်အတွက် ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်၍ ထိထိရောက်ရောက် ကာကွယ်တားဆီး ဆောင်ရွက်သင့်ပါသည်။ တရားမဝင် ကုန်သွယ်မှုများ ပပျောက်သွားသည်အထိ ဝိုင်းဝန်းတားဆီးဆောင်ရွက်ရန် လိုအပ်ကြောင်း ပြည်သူတစ်ရပ်လုံး သိရှိစေရန်အတွက်လည်း အသိပညာပေးခြင်းများ ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ဆောင်ရွက်ရန် လိုအပ်မည် ❜**

# ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေးဦးဆောင်ကော်မတီ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၉**

ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဦးဆောင်ကော်မတီဥက္ကဋ္ဌ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်နှင့် ဦးစီးဌာနများမှ ဦးဆောင်ကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် ဓာတ်မြေသြဇာတန်ချိန် ၁ ဒသမ ၆ သန်းနှင့် ပိုးသတ်ဆေးတန်ချိန် ၃၂၀၀၀ တင်သွင်းနိုင်ရေး လျာထားသတ်မှတ်ချက်အရ ဦးဆောင်ကော်မတီအနေဖြင့် ဧပြီမှ စက်တင်ဘာအထိ ခြောက်လအတွက် မြေသြဇာတန်ချိန် ၁၀၂၃၇၆၁ ဒသမ ၄၃ တန်နှင့် ပိုးသတ်ဆေးတန်ချိန် ၁၉၅၁၅ ဒသမ ၇၆ တန်ကို ကုမ္ပဏီအလိုက်သွင်းကုန်လိုင်စင် ရရှိနိုင်ရေး ထောက်ခံပေးထားပြီးဖြစ်ပါကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ လိုင်စင်ထုတ်ပေးမှုအနေဖြင့် ဩဂုတ်လကုန်အထိ မြေသြဇာတန်ချိန် ၉၈၆၁၆၈ ဒသမ ၂၁၆ တန်၊ ပိုးသတ်ဆေးတန်ချိန် ၂၆၅၈၇ တန် ရှိပြီး မြေသြဇာတန်ချိန် ၃၆၁၂၄၅ ဒသမ ၄၃၉ တန်၊ ပိုးသတ်ဆေးတန်ချိန် ၁၀၁၅၀ ဒသမ ၉၁၈ တန် အမှန်တင်သွင်းနိုင်ခဲ့ကြောင်း။

မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း၏ စက်တင်ဘာ ၂၀ ရက် စိစစ်တင်ပြချက်အရ မြေသြဇာသွင်းကုန်လိုင်စင် ရရှိမှုအနေဖြင့် တန်ချိန် ၈၁၁၈၁၂ ဒသမ ၀၅ တန်၊ အမှန်တင်သွင်းမှုအနေဖြင့် တန်ချိန် ၅၇၄၇၀၄ ဒသမ ၂၈ တန်၊ ဖြန့်ဖြူးရောင်းချပြီးမှုအနေဖြင့် တန်ချိန် ၄၇၁၈၁၁ ဒသမ ၄၉ တန်၊ ဂိုဒေါင်လက်ကျန်အနေဖြင့် တန်ချိန် ၂၅၃၄၃၁ ဒသမ ၈၆ တန်ရှိပါကြောင်း၊ ပိုးသတ်ဆေးအတွက် လိုင်စင်ရပြီးတန်ချိန် ၁၄၅၅၉ ဒသမ ၃၅ တန်ရှိပြီး အမှန်တင်သွင်းမှုအနေဖြင့် တန်ချိန် ၁၆၉၃၈ ဒသမ ၁၆ တန်၊ ဖြန့်ဖြူးရောင်းချပြီးမှုအနေဖြင့် တန်ချိန် ၁၂၀၆ ဒသမ ၅၀ တန်၊ ဂိုဒေါင်လက်ကျန်အနေဖြင့် တန်ချိန် ၁၀၆၂၂ ဒသမ ၅၄ တန် ရှိပါကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပန်းတိုင်အထွက်နှုန်း ပြည့်မီစေရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ဆောင်ရွက်ပေးနေသကဲ့သို့ ထိုစီမံကိန်းနှင့်အကျုံးမဝင်သည့် တောင်သူများ လိုအပ်သည့်ဓာတ်မြေသြဇာများကိုတောင်သူလက်ဝယ်အရောက် သီးနှံပေါ်ပေးစနစ်ဖြင့် လိုချင်သည့် Brand အမှတ်တံဆိပ်အရ ဩဂုတ်လအတွင်း ယူရီးယား ၂၇၄၀၄ ဒသမ ၅၀ တန်၊ ကွန်ပေါင်း ၁၆၂၆၀ ဒသမ ၇၅ တန် စုစုပေါင်းတန်ချိန် ၄၃၆၆၅ ဒသမ ၂၅ တန်ကို ဖြန့်ဖြူးရောင်းချပေးခဲ့ပါကြောင်း၊ စက်တင်ဘာလ ဆက်လက်ဆောင်ရွက်ရန် တိုင်းဒေသကြီးများသို့ Demand တောင်းခံခဲ့ရာ နေပြည်တော်နှင့် ပဲခူး၊ မန္တလေး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီး လေးခု၏ တင်ပြချက်အရ ၃၉၆၄၈ ဒသမ ၅၅ တန် ရှိပါကြောင်း။

ကော်မတီဝင်ဌာနများအနေဖြင့် အရည်အသွေး မှန်ကန်ရေး စစ်ဆေးပေးရန်နှင့် ဓာတ်မြေသြဇာ အရောင်းဆိုင်များအား ရန်ကုန်အထိုင် ရည်ညွှန်းဈေးနှုန်းကိုအခြေခံပြီး ဒေသအလိုက် သယ်ယူပို့ဆောင်စရိတ်နှင့် အရောင်းဆိုင်အမြတ်တို့အပေါ် ပိုမိုရောင်းချနေမှု ရှိ/မရှိ၊ သွင်းအားစုများ သိုလှောင်ပြီး ဈေးကစားခြင်းများ ရှိ/မရှိ တို့ကို စစ်ဆေးဆောင်ရွက်ပေးရန် မှာကြားလိုပါကြောင်း၊ ဦးဆောင်ကော်မတီ၏ ရည်ရွယ်ချက်အတိုင်း ဓာတ်မြေသြဇာများ အချိန်မီရရှိရေး၊ ဈေးနှုန်းသက်သာစေရေး၊ အရည်အသွေး မှန်ကန်စေရေးတို့အတွက် သက်ဆိုင်ရာဌာနများက ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဦးဆောင်ကော်မတီအတွင်းရေးမှူးက ဩဂုတ်လအတွက် တောင်သူလက်ဝယ်အရောက် ဖြန့်ဖြူးရောင်းချခဲ့မှုကိုလည်းကောင်း၊ မြန်မာနိုင်ငံမြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း ကိုယ်စားလှယ်က သွင်းအားစုများ ဝယ်ယူတင်သွင်းဖြန့်ဖြူးနေမှုကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ဝိုင်းဝန်းဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဘက်စုံ စိုက်ပျိုးမွေးမြူရေးစနစ်ကို ဆောင်ရွက်ခြင်းဖြင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်း

**နေပြည်တော် စက်တင်ဘာ ၂၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယမန်နေ့မွန်းလွဲပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့နယ် ညောင်လွန့်ကျေးရွာရှိ တောင်သူဦးမောင်သင်၏ ပေါင်းစည်းလယ်ယာ ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံတွင် နို့စားနွား၊ ဒေသနွား၊ ဆိတ်နှင့် ဥဘဲ မွေးမြူထားရှိမှု၊ ငါးမွေးမြူထားရှိမှုနှင့် အောင်နိုင်တိုး စပါး ၈၁ ဧက စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများနှင့် မွေးမြူရေးသမားများကို စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဆိုင်ရာ လိုက်နာဆောင်ရွက် သင့်သည်များကို အကြံပြုဆွေးနွေး ပြောကြားသည်။



ယင်းနောက် တပ်ကုန်းမြို့နယ် ရွှေမြို့ကျေးရွာအုပ်စုရှိ မွေးမြူရေးသုတေသနဦးစီးဌာန မွေးမြူရေးသုတေသနစခန်း (ရွှေမြို့)၌ ဆောင်ရွက်လျက်ရှိသည့် မြန်မာ့ပျားမျိုးစိတ်များ၏ မျိုးဗီဇ အချက်အလက်များကို ကမ္ဘာ့မျိုးဗီဇဘဏ်(GenBank)၌ မှတ်ပုံတင်နိုင်ရေး၊ မြန်မာနိုင်ငံအမည်ဖြင့် ပျားဖယောင်း၊ ပျားနို့၊ မှတ်ပုံတင်ဆောင်ရွက်ပြီး မြန်မာ့ပျားရည်နှင့် ပျားထွက်ပစ္စည်း၊ ပျားဝတ်မှုန်၊ ပျားကော်၊ ပျားဆိပ်စသည့် မြန်မာ့ပျားထွက်ကုန်များ(Bee Products of Myanmar)အဖြစ် တံဆိပ်ခတ်နှိပ်၍ ပြည်ပသို့တင်ပို့နိုင်ရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး အသုံးချသုတေသနလုပ်ငန်းများနှင့် ဈေးကွက်ဆိုင်ရာ သုတေသနလုပ်ငန်းများကို ပျားမွေးမြူရေးတောင်သူများ ပျားလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်ရန် ဌာနစုတာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဇေယျာသီရိမြို့နယ် ရေဆင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်သို့ သွားရောက်ပြီး မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် မွေးမြူရေးတောင်သူများအား တိရစ္ဆာန်အစာပြုပြင်ထုတ်လုပ်ကျွေးမွေးမည့် နည်းပညာသင်တန်းများ လေ့ကျင့်သင်ကြားပေးရန် မွေးမြူရေးဆိုင်ရာ လေ့ကျင့်ရေးသင်တန်းခန်းမ တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ကျေးလက်နေ ပြည်သူတို့၏ လူနေမှုဘဝ မြှင့်တင်ပေးနိုင်ရန်အတွက် မွေးမြူသူများ၏ အရည်အသွေးမြှင့်တင်ပေးရန် ရည်ရွယ်တည်ဆောက်လျက်ရှိသည့် အဆိုပါသင်တန်းခန်းမတွင် မွေးမြူသူတောင်သူများအတွက် တိရစ္ဆာန်အစာပြုပြင် ထုတ်လုပ်ခြင်းနည်းပညာနှင့် မွေးမြူရေးနည်းစနစ်များဆိုင်ရာ သင်တန်းများ တိုးချဲ့ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ လက်ရှိတွင် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၌ အနယ်နယ် အရပ်ရပ်မှ တက်ရောက်လာကြသည့် မွေးမြူရေးသင်တန်းသား ၁၂၀ ကို လေးကြိမ်ခွဲ၍ နည်းပညာပေးသင်တန်းများ ဖွင့်လှစ် ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နတ်မောက်မြို့နယ်ရှိ နတ်မောက်ရေလှောင်တမံ၊ နတ်မောက်ရေလွှဲဆည်နှင့် ပင်းကန်ရေလှောင်တမံတို့မှ ရေကျော်စီးဆင်းမှုမရှိဘဲ ကြံ့ခိုင်ကောင်းမွန်

**နတ်မောက် စက်တင်ဘာ ၂၉**

နတ်မောက်မြို့နယ်တွင် စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းက ရာဂါဆာမုန်တိုင်း မိုးအရှိန်ကြောင့် ယင်းချောင်းရေလျှံမှု ဖြစ်ပေါ်ခဲ့ပြီး နတ်မောက်ရေလှောင်တမံ၊ နတ်မောက်ရေလွှဲဆည်နှင့် ပင်းကန်ရေလှောင်တမံတို့မှ ရေကျော်စီးဆင်းမှု မရှိဘဲ ကြံ့ခိုင်ကောင်းမွန်မှုရှိကြောင်း မြို့နယ်ဆည်မြောင်းဦးစီးဌာနမှ သိရသည်။

နတ်မောက်ရေလွှဲဆည်မှ စက်တင်ဘာ ၂၈ ရက် နံနက် ၇ နာရီခန့်တွင် မိုးရွာသွန်းမှုများပြားသောကြောင့် ရေမှတ် ၂ ဒသမ ၅ ပေ ရေကျော်စီးဆင်းခဲ့ပြီး မွန်းလွဲ ၂ နာရီခွဲခန့်တွင် ရေကျော်စီးဆင်းမှုရပ်တန့်ခဲ့ကြောင်း၊ နတ်မောက်ရေလှောင်တမံ၏ ရေမှတ်မှာ စက်တင်ဘာ ၂၈ ရက် ညနေ ၆ နာရီတွင် ၆၇၇ ဒသမ ၂ ပေ၊ ရေလှောင်ပမာဏမှာ ၈၀၀၇၁ ဧကပေဖြစ်ကာ ကန်ရေပြည့်မှတ်သို့ရောက်ရှိရန် ၅ ဒသမ ၈ ပေဖြစ်ကြောင်း၊ ပင်းကန်ရေလှောင်တမံ၏ ရေမှတ်မှာ စက်တင်ဘာ ၂၈ ရက် ညနေ ၆ နာရီတွင် ၉၂ ဒသမ ၈ ပေ၊ ရေလှောင်ပမာဏမှာ ၇၂၀ ဧကပေဖြစ်ကာ ကန်ရေပြည့်မှတ်သို့ရောက်ရှိရန် သုည ဒသမ ၇၅ ပေဖြစ်ကြောင်း သိရသည်။

**ရေစီးဆင်းမှု လျော့နည်းသွားပြီဖြစ်**

ထို့ကြောင့် ယင်းချောင်းအတွင်း စီးဝင်နေသော နတ်မောက်ရေလှောင်တမံနှင့် ပင်းကန်ရေလှောင်တမံတို့၏ ရေပိုလွှဲများမှ ရေကျော်စီးဆင်းမှု မရှိကြောင်းနှင့် ရေဆင်းဧရိယာတွင် မုန်တိုင်းအရှိန်ကြောင့် မိုးရွာသွန်းမှုများပြားသဖြင့် ယင်းချောင်းတစ်လျှောက် ရေစီးဆင်းမှုများပြားခဲ့ခြင်းဖြစ်ကာ ယခုလက်ရှိတွင် ယင်းချောင်းတစ်လျှောက် ရေစီးဆင်းမှု လျော့နည်းသွားပြီဖြစ်ကြောင်း မြို့နယ်ဆည်မြောင်းဦးစီးဌာနမှ သိရသည်။

**လှဝင်း(နတ်မောက်)**

❖ **MNLမှ**

ရခိုင်ယူနိုက်တက်အသင်းမှာမူ ရလဒ်ဆိုးရွားနေမှုကို အဆုံးသတ်နိုင်ခြင်းမရှိသေးဘဲ ငါးပွဲဆက်တိုက် အရေးနိမ့်ခဲ့သည်။

နှစ်သင်းစလုံး အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာပြီး နှစ်သင်းပေါင်း သွင်းဂိုး ၁၀ ဂိုးအထိ တွေ့မြင်ခဲ့ရသည်။

သန်လျင်သီဟဒီပကွင်း၌ ကျင်းပသည့်ပွဲတွင် သစ္စာအားမာန်အသင်းက မဟာယူနိုက်တက်အသင်းကို သုံးဂိုးပြတ်အနိုင်ရခဲ့သည်။ ပွဲစဉ် (၄) တွင် ရန်ကုန်ယူနိုက်တက်ကို အနိုင်ကစားထားသည့် သစ္စာအားမာန်အသင်းသည် ယခုတစ်ပတ်တွင်လည်း မဟာယူနိုက်တက်အသင်းကို အနိုင်ယူကာ နိုင်ပွဲဆက်ခဲ့သည်။

ယခုတစ်ပတ်ကျင်းပသည့် ပွဲစဉ်(၅)တွင် ရှမ်းယူနိုက်တက်အသင်းက ဧရာဝတီယူနိုက်တက်အသင်းကို သုံးဂိုး-တစ်ဂိုး၊ ရန်ကုန်ယူနိုက်တက်အသင်းက ရာမညယူနိုက်တက်အသင်းကို ခြောက်ဂိုးပြတ်ဖြင့် အနိုင်ရပြီး အား/ကာသိပ္ပံနှင့် ဟံသာဝတီယူနိုက်တက်အသင်း နှစ်ဂိုးစီသရေ၊ ဒဂုံစတားယူနိုက်တက်အသင်းနှင့် Dagon Port အသင်းတို့ သုံးဂိုးစီသရေကျခဲ့သည်။ ပြိုင်ပွဲဝင်အသင်းများအနက် ရှမ်းယူနိုက်တက်နှင့် မဟာယူနိုက်တက်အသင်းတို့မှာ လေးပွဲစီသာကစားရသေးပြီး ကျန်အသင်းများမှာမူ ငါးပွဲစီ ကစားထားပြီးဖြစ်သည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MNL**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် ပညာရေးဆိုင်ရာမူဝါဒများသုံးသပ်ခြင်း အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၂၉**



ပညာရေးဆိုင်ရာမူဝါဒများသုံးသပ်ခြင်း အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃) အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ တွဲဖက်ပါမောက္ခများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့အလုပ်ရုံဆွေးနွေးပွဲကို အဆင့်မြင့်ပညာကဏ္ဍနှင့် ပတ်သက်သည့် မူဝါဒများကို နှစ်ရက်ကြာ သုံးသပ်အကြံပြုသွားမည်ဖြစ်ပြီး ပါမောက္ခချုပ်များက ဦးဆောင်၍ ထိန်းညှိပေးစေလိုပါကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သည့် "နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့ ပညာရေးကိုမြှင့်တင်စို့" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ရေးဆွဲမည့်မူဝါဒများသည် ဆောင်ပုဒ်နှင့် ကိုက်ညီမှုရှိရန်လိုအပ်ပါကြောင်း၊ ယခုဆွေးနွေးပွဲမှ အားနည်းချက်များကိုဖော်ထုတ်ပြီး အားသာချက်ဖြစ်မည့် မူဝါဒများကို အတူတကွ အကောင်းဆုံးရေးဆွဲနိုင်ကြမည်ဟုယုံကြည်ပါကြောင်း၊ ရာထူးတိုး၊ ပြောင်းကိစ္စရပ်များကို တစ်နှစ်လျှင် မေလနှင့် အောက်တိုဘာလတို့တွင် နှစ်ကြိမ်ပြုလုပ်သွားမည်ဖြစ်ပါကြောင်း၊ ဆွေးနွေးပွဲမှထွက်ပေါ်လာသည့် ရလဒ်များသည် ပညာရေးဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်ပြီး အလုပ်ရုံဆွေးနွေးပွဲမှ အကောင်းဆုံးမူဝါဒများ ချမှတ်နိုင်ရေး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းဇော်ဦးက အဆင့်မြင့်ပညာကဏ္ဍအတွက် တက္ကသိုလ် ဆရာ ဆရာမများ ရာထူးတိုးမြှင့်၊ ပြောင်းရွှေ့ခန့်ထားရေးဆိုင်ရာ မူဝါဒများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အဖွဲ့များခွဲ၍ မူဝါဒများ အတည်ပြုချမှတ်နိုင်ရေး ဝိုင်းဝန်းဆွေးနွေးကြပြီး တွေ့ရှိချက်နှင့် အကြံပြုချက်များကို အဖွဲ့လိုက်တင်ပြကြပြီး ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဒုတိယပါမောက္ခချုပ်များက တက္ကသိုလ် ဆရာဆရာမများ ရာထူးတိုးမြှင့်၊ ပြောင်းရွှေ့ခန့်ထားရေးဆိုင်ရာမူဝါဒများသုံးသပ်ခြင်း၊ တွေ့ရှိချက်နှင့် အကြံပြုချက်များအပေါ် စုပေါင်းဆွေးနွေးခြင်းများဆောင်ရွက်ကာ ရာထူးတိုး၊ ပြောင်းမူဝါဒ (မူကြမ်း)ပြုစုခဲ့ကြသည်။

အဆိုပါ ပညာရေးဆိုင်ရာမူဝါဒများ သုံးသပ်ခြင်း အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကို စက်တင်ဘာ ၂၉ ရက်မှ ၃၀ ရက်အထိ နှစ်ရက်ကြာ ပြုလုပ်သွားမည် ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး H.E. Dr. Md. Monwar Hossain အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)ရှိ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရန်ကုန်တက္ကသိုလ်နှင့် ဒါကာတက္ကသိုလ်တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ရေး၊ ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ်နှင့်ပူးပေါင်း၍ ယဉ်ကျေးမှုဆိုင်ရာ လုပ်ဆောင်မှုများ ဆက်လက်ဆောင်ရွက်နိုင်ရေး၊ အနာဂတ်တွင် နှစ်နိုင်ငံပညာရေးကဏ္ဍ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ထားဝယ်မြို့၌ သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်(ဆင့်ပွား)သင်တန်းဖွင့်ပွဲ ကျင်းပ

**ထားဝယ် စက်တင်ဘာ ၂၉**



တနင်္သာရီတိုင်း ဒေသကြီးအဆင့် သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်း လူငယ်(ဆင့်ပွား) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ထားဝယ်မြို့ မြို့တော်ခန်းမ(၂)၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်း နည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင်တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း ပြည်သူလူထုအပါအဝင် အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍများ၊ ပရဟိတအဖွဲ့အစည်းများ ပူးပေါင်းပါဝင်၍ တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ သင်တန်းတက်ရောက်ခြင်းဖြင့် သင်တန်းသား သင်တန်းသူများအနေဖြင့် တိုင်းဒေသကြီး၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သည့်အခါ စွမ်းဆောင်ရည်များ တိုးတက်လာမည့်အပြင် ဘေးကင်းလုံခြုံပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်သော လူမှုအသိုက်အဝန်းကို ထူထောင်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

အဆိုပါသင်တန်းကို သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ဆုံးရှုံးမှုများ လျော့နည်းစေရန်၊ သဘာဝဘေးအန္တရာယ်များကို စနစ်တကျ ထိရောက်မြန်ဆန်စွာ ရင်ဆိုင်တုံ့ပြန်နိုင်ရေးနှင့် ဘေးဒဏ်ကို ကြံ့ကြံ့ခံရင်ဆိုင်တုံ့ပြန်နိုင်ရေးအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများတွင် ပြည်သူလူထုနှင့် အခြားအင်အားစုများ၏ ပူးပေါင်းပါဝင်မှုကို မြှင့်တင်ဆောင်ရွက်နိုင်ရန်၊ ခိုင်မာသော လူမှုအဖွဲ့အစည်းတစ်ရပ်ပေါ်ပေါက်လာပြီး ပြည်သူများအတွက် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်ပေးနိုင်ရန် ရည်ရွယ်ချက်များဖြင့် စက်တင်ဘာ ၂၉ ရက်မှ အောက်တိုဘာ ၁ ရက်အထိ ဖွင့်လှစ် သင်ကြားပို့ချသွားမည်ဖြစ်ကြောင်းနှင့် သင်တန်းသား သင်တန်းသူ ၃၀ ကျော်တက်ရောက်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ သမဝါယမအသင်းလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၉**



ရန်ကုန်တိုင်း ဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်၌ ရွှေလင်ပန်း အသေးစား ချေးငွေလုပ်ငန်း သမဝါယမ အသင်းလီမိတက်၏ အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းတွင် မြို့နယ်သမဝါယမအသင်းစုရုံးခန်း၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းညွန့်က အသင်းဥပဒေ၊ နည်းဥပဒေနှင့် သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်စေရန် လုပ်ဆောင်ရမည့် အချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အစည်းအဝေးတွင် အသင်းဥက္ကဋ္ဌ ဦးတင့်ဆန်းက အမှာစကားပြောကြားပြီး အသင်းသားများအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ ရွှေသီရိအောင် အသေးစား ချေးငွေလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို အသင်းဥက္ကဋ္ဌ ဦးမြသောင်းက အမှာစကားပြောကြားပြီး အသင်းသားများအား လက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဒေးဒရဲမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး ကွင်းဆင်းစစ်ဆေး

**ဒေးဒရဲ စက်တင်ဘာ ၂၉**

ဧရာဝတီတိုင်း ဒေသကြီး ဒေးဒရဲမြို့နယ် မီးသတ်ဦးစီးဌာနက မီးဘေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး စစ်ဆေးဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက ရတနာကောင်းကင်၊ ငြိမ်းချမ်းရော၊ Denko၊ နန်းထိုက်ရောစက်သုံးဆီအရောင်းဆိုင်တို့အား ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့သည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးကျော်၊ မြို့နယ် မီးသတ်ဦးစီးမှူး ဦးဟန်ဝင်းစိုး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်လျှပ်စစ်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာနနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့များက မြို့နယ်အတွင်းရှိစက်သုံးဆီအရောင်းဆိုင်များတွင် မီးဘေးအန္တရာယ်ကြိုတင် ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှုများကို စစ်ဆေးပြီး မီးငြိမ်းသတ်ခြင်းဆိုင်ရာ အကြောင်းအရာများကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **ရောဦးသာ**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍**
**အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း သတင်းမီဒီယာများ၏ မေးမြန်းမှုများအား လက်ခံဖြေကြား

နေပြည်တော် စက်တင်ဘာ ၂၉

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin ၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ အလုပ်သဘောခရီးစဉ်အဖြစ်လည်းကောင်း၊ ကာဇက်စတန်နိုင်ငံသမ္မတ H.E.Mr. Kassym-Jomart Tokayev ၏ ဖိတ်ကြားချက်အရ ကာဇက်စတန်နိုင်ငံသို့ အလုပ်သဘောခရီးစဉ်အဖြစ်လည်းကောင်း အသီးသီးသွားရောက်ခဲ့ပြီး ယနေ့ညနေပိုင်းတွင် နေပြည်တော် တပ်မတော်လေဆိပ်သို့ ပြန်လည်ရောက်ရှိသည်။**

ထိုသို့ ပြန်လည်ရောက်ရှိစဉ် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက သတင်းမီဒီယာများ၏ မေးမြန်းမှုများကို ယခုလိုပဲ ဖြေကြားခဲ့ပါတယ်-

**မေး။ ယာယီသမ္မတကြီးရဲ့ ရုရှားနဲ့ ကာဇက်စတန်နိုင်ငံတွေကို အလုပ်သဘောခရီးစဉ်သွားရောက်ခဲ့တဲ့အပေါ် မြန်မာနိုင်ငံအတွက် ဘယ်လို အကျိုးကျေးဇူးတွေရခဲ့လဲ၊ နောက်ပြီး ဒီခရီးစဉ်မှာ ကမ္ဘာ့အဏုမြူသီတင်းပတ်ဖိုရမ်ကိုလည်း တက်ရောက်ခဲ့တဲ့အတွက်ကြောင့် ဘယ်လိုပူးပေါင်းဆောင်ရွက်မှုတွေ ရှိလာနိုင်မှာလဲဆိုတာကို အရင်ဦးဆုံး ဖြေကြားပေးပါဦးခင်ဗျာ။**

**ဖြေ။** အဓိကကတော့ ကျွန်တော်တို့ ဒီခရီးစဉ်မှာ အပိုင်းသုံးပိုင်းခွဲပြီး ပြောချင်ပါတယ်။ အပိုင်းသုံးပိုင်းကတော့တစ်ပိုင်းစီကအရေးပါနေတဲ့အတွက်ကြောင့်မို့ဖြစ်ပါတယ်။ ပထမဦးဆုံးကတော့ ရုရှားပေါ့။ ရုရှားမှာ ရုရှားခရီးစဉ်၊ ပြီးရင်တော့ ကာဇက်စတန်ခရီးစဉ်၊ ပြီးရင်တော့ အပြန်မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမှာ ကျွန်တော်တို့ကခဏနားခဲ့သေးတယ်။ အဲဒါတွေကို ကျွန်တော် ပြောချင်ပါတယ်။ ပထမဦးဆုံးကတော့ တစ်ခုနဲ့ တစ်ခုကလည်း သဘောသဘာဝက နည်းနည်းကွာခြားတယ်။ ကွာခြားတဲ့အတွက် သုံးပိုင်းခွဲပြီးပြောမယ်။ ပထမဦးဆုံး ရုရှားနိုင်ငံမှာ ကျင်းပတဲ့ ROSATOM ကနေကြီးမှူးပြီး ကျင်းပတဲ့ ကမ္ဘာ့အဏုမြူရက်သတ္တပတ်ပေါ့။ အဲဒါနဲ့ ပတ်သက်ပြီးတော့ ဖိုရမ်ကြီးကို တက်ရောက်တာဖြစ်တယ်။ ပြီးရင် ရုရှားသမ္မတ H.E. Vladimir Vladimirovich Putin နဲ့ တွေ့ခဲ့တယ်။ အဲဒီမှာ ကမ္ဘာ့နိုင်ငံ အသီးသီးကလည်း လာရောက်ပြီးတော့ World Atomic Week Forum ကို တက်ရောက်တာဖြစ်တယ်။ တက်ရောက်တဲ့အခါမှာ အဏုမြူစွမ်းအင်နဲ့ပတ်သက်ပြီး ငြိမ်းချမ်းစွာအသုံးပြုနိုင်ဖို့၊ အဏုမြူစွမ်းအင်နဲ့ပတ်သက်ပြီး နိုင်ငံတိုင်းက ငြိမ်းချမ်းစွာနဲ့ ပြည်သူလူထုအကျိုးအတွက် အသုံးပြုနိုင်ဖို့အတွက်ကို ကျွန်တော်တို့ ဆွေးနွေးခဲ့တာရှိပါတယ်။ ဆွေးနွေးခဲ့တဲ့နေရာမှာ တက်ရောက်တဲ့နိုင်ငံတွေရဲ့ အမြင်သဘောထားတွေကိုလည်း နားထောင်ခဲ့ရတယ်။ နိုင်ငံတော်ယာယီသမ္မတကြီးရဲ့ မိန့်ခွန်းလည်း ပြောခဲ့ရတယ်။ ယာယီသမ္မတကြီးရဲ့ မိန့်ခွန်းနဲ့ မြန်မာနိုင်ငံရဲ့ သဘောထားလည်းပြောခဲ့ရတယ်။ ဒီထဲမှာ အနှစ်ချုပ်ပြောရရင် မြန်မာနိုင်ငံရဲ့ သဘောထားကတော့ အဏုမြူစွမ်းအင်ကိုအသုံးပြုခြင်းရဲ့ အကြောင်းရင်းကတော့ မြန်မာနိုင်ငံမှာ စွမ်းအင်ပေါ့လေ၊ တည်ငြိမ်တဲ့ လျှပ်စစ်စွမ်းအင်တစ်ခုရရှိဖို့၊ ပြီးရင် ဆေးဘက်ဆိုင်ရာ၊ စိုက်ပျိုးရေးဘက်ဆိုင်ရာ သုတေသနတွေမှာ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဒါတွေကို ကျွန်တော်တို့ဆောင်ရွက်ရခြင်းဖြစ်ပါတယ်။ ဒီဟာနဲ့ပတ်သက်ပြီးတော့ ရုရှားရဲ့ အဏုမြူစွမ်းအင်အေဂျင်စီဖြစ်တဲ့ ROSATOM နဲ့လည်း ကျွန်တော်တို့ သဘောတူလက်မှတ်တွေ ရေးထိုးခဲ့ရတာတွေရှိတယ်။ ပြီးရင်တော့ ကျွန်တော်တို့ ရုရှားသမ္မတကြီး မစ္စတာ ဗလာဒီမာပူတင်နဲ့ တွေ့ဆုံခဲ့တာရှိတယ်။

မစ္စတာ ဗလာဒီမာပူတင်နဲ့ တွေ့ဆုံတဲ့အခါမှာတော့ ရုရှားနိုင်ငံအနေနဲ့ မြန်မာနိုင်ငံကို အရှေ့တောင်အာရှမှာ ယုံကြည်စိတ်ချရဆုံး မိတ်ဖက်နိုင်ငံတစ်ခုအဖြစ် အမြဲတမ်း အသိအမှတ်ပြုနေတဲ့အကြောင်း၊ မြန်မာနိုင်ငံအနေနဲ့ ရုရှားနိုင်ငံကို မဟာဗျူဟာမိတ်ဖက်နိုင်ငံတစ်ခုအနေနဲ့ အသိအမှတ်ပြုပြီးတော့ ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်သွားမယ့် အကြောင်းရင်းတွေ၊ နည်းပညာဖလှယ်မှုတွေ၊ အာကာသဆိုင်ရာ နည်းပညာ၊ အဏုမြူစွမ်းအင်ဆိုင်ရာ နည်းပညာ၊ ကျန်တဲ့ ပြည်သူလူထုကို တိုက်ရိုက်အကျိုးပြုမယ့် နည်းပညာဖလှယ်မှုတွေ ဆောင်ရွက်သွားမှာဖြစ်ကြောင်း ဆွေးနွေးနိုင်ခဲ့ပါတယ်။ ဒုတိယကတော့ ကာဇက်စတန်ခရီးစဉ်ပေါ့။ ကာဇက်စတန်ခရီးစဉ်နဲ့ပတ်သက်ပြီး ကာဇက်စတန်နိုင်ငံကို မြန်မာနိုင်ငံရဲ့ နိုင်ငံ့ခေါင်းဆောင်တစ်ဦး ပထမဦးဆုံး ရောက်ရှိတာဖြစ်ပါတယ် ။ ကာဇက်စတန်နိုင်ငံရဲ့ ထူးခြားချက်ကလည်း တော်တော်ထူးခြားတဲ့ နိုင်ငံတစ်ခုဖြစ်တယ်။ သူဟာ အာရှတိုက်ရဲ့ အလယ်ပိုင်းမှာရှိတဲ့ ကုန်းတွင်းပိတ်နိုင်ငံတစ်ခုဖြစ်တယ်။ သို့သော် အာရှတိုက်နဲ့ ဥရောပတိုက်ရဲ့ အစပ်မှာရှိတယ်။ အာရှတိုက်ရဲ့အလယ်မှာ ဖြစ်တဲ့အတွက်ကြောင့်မလို့ ခင်ဗျားတို့ ကျွန်တော်တို့ ကြားဖူးမှာပဲ။ အရင်တုန်းက ပထဝီနိုင်ငံရေးပေါ့။ Geopolitics Theory တွေရှိတယ်။ အဲဒီမှာတော့ Heartland၊ Greenland၊ ကမ္ဘာ့ရဲ့ အလယ်ဗဟိုချက်နယ်မြေတို့၊ ဒီနယ်မြေတွေရဲ့ အရေးပါမှုကိုလည်း သိမှာဖြစ်မယ်။ ဒီနေရာဟာ ကမ္ဘာ့ရဲ့ အလယ်ဗဟိုချက်နယ်မြေ အာရှ-ဥရောပတိုက်ပေါ့။ ကမ္ဘာမှာအကြီးဆုံး ကုန်းမြေရဲ့ အလယ်နယ်မြေဖြစ်တဲ့အတွက် သူ့ရဲ့နေရာကနေပြီး ကုန်းလမ်းပို့ဆောင်ရေးတွေ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွေ အားလုံး ဖြတ်သန်းသွားတဲ့ သဘောရှိတယ်။ ပြီးရင်နိုင်ငံအနေနဲ့လည်း တိုးတက်အောင် ဆောင်ရွက်နေတယ်။ သူတို့ရဲ့ ပညာရေးကဏ္ဍလည်းမြင့်ပါတယ်။




ကျန်းမာရေးကဏ္ဍလည်းမြင့်ပါတယ်။ မြန်မာနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်နိုင်မယ့် ကဏ္ဍတွေနဲ့ ပတ်သက်ပြီးလည်း သမ္မတကြီးကိုယ်တိုင်က ရှင်းလင်းပြသခဲ့ပါတယ်။ ကျွန်တော်တို့ကိုလည်း သူတို့နိုင်ငံရဲ့ အခွင့်အရေး၊ ကျွန်တော်တို့နဲ့ ရင်းနှီးမြှုပ်နှံနိုင်မယ့် အခွင့်အရေး၊ ကျွန်တော်တို့နဲ့ တိုးတက်ဆောင်ရွက်နိုင်မယ့် အခွင့်အလမ်းတွေကိုလည်း ပြောခဲ့တာရှိပါတယ်။ နည်းပညာပူးပေါင်းဆောင်ရွက်မှုတွေ၊ IT နဲ့ ပတ်သက်တဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကိုလည်း ဆက်လက်လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။

ထူးခြားချက်ကတော့ ကာဇက်စတန် သမ္မတကြီးအနေနဲ့က မြန်မာနိုင်ငံက ပထမဦးဆုံးလာရောက်တဲ့ ခေါင်းဆောင်ဖြစ်တဲ့အတွက်ကြောင့်မလို့ တော်တော်ကို ဝမ်းသာအားရတယ်။ ကျေနပ်မှုရှိတယ်။ ဒ့ါအပြင် တွေ့ဆုံပွဲအပြီးမှာ ယာယီသမ္မတကြီး ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကို ပြန်တဲ့အချိန်မှာ ကားပေါ်ထိလိုက်ပြီး နှုတ်ဆက်တာမျိုးပေါ့။ ဒါတွေထိ ရင်းနှီးဖော်ရွေမှုတွေပြတဲ့အတွက်ကြောင့်မလို့ ကျွန်တော်တို့နိုင်ငံအနေနဲ့ မိတ်ဆွေကောင်းနိုင်ငံတစ်ခုတိုးတယ်လို့ ပြောချင်ပါတယ်။ အပြန်ခရီးစဉ်မှာတော့ ကူမင်းမြို့ကိုဝင်ရောက်ခဲ့တယ်။ ကူမင်းကိုဝင်ရောက်တဲ့အချိန်မှာ ယူနန်ပြည်နယ်ရဲ့ ကွန်မြူနစ်ပါတီ အမြဲတမ်းပါတီဝင်၊ ဥပဒေရေးရာအတွင်းရေးမှူး၊ ပြီးရင် ခင်ဗျားတို့ ကျွန်တော်တို့နဲ့ ရင်းနှီးနေကြတဲ့ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ အရှေ့တောင်အာရှကိုယ်စားလှယ် မစ္စတာတိန့်ရှီကျွင်းနဲ့ တွေ့ဆုံခဲ့တယ်။ အဲဒီမှာ အချက်လေးချက် ဆွေးနွေးခဲ့တယ်။

နံပါတ်တစ် အရေးကြီးဆုံးအချက်က အပြန်အလှန်ဆွေးနွေးတဲ့အခါမှာ မြန်မာနဲ့ တရုတ်နိုင်ငံတို့ဟာ မိတ်ဆွေအရင်းအချာ၊ အိမ်နီးနားချင်းနိုင်ငံ ဆွေမျိုးပေါက်ဖော်နိုင်ငံတွေဖြစ်တယ်။ တစ်ဦးနဲ့ တစ်ဦး ယုံကြည်စိတ်ချမှုရှိတဲ့ နိုင်ငံတွေဖြစ်တယ်။ ဆက်သွယ်ဆက်ဆံရေးတွေ တိုးမြှင့်ဆောင်ရွက်သွားမှာဖြစ်တယ်။ ပြီးရင်တော့ ကျွန်တော်တို့အနေနဲ့ နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်ရေးကို တရုတ်အစိုးရအနေနဲ့လည်း မြန်မာအစိုးရနဲ့လက်တွဲညီ အစွမ်းကုန်ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်တယ်။ နောက်တစ်ချက်အနေနဲ့ကတော့ ကုန်သွယ်ရေးစီးပွားမြှင့်တင်တဲ့အပိုင်းနဲ့ပတ်သက်ပြီး ကျွန်တော်တို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံပေါ့။ ဒါနဲ့ပတ်သက်ပြီးလည်း အဲဒီစီးပွားရေးစင်္ကြံမှာရှိတဲ့ စီးပွားရေးသဘောတူညီပြီးသား အချက်တွေ၊ တရုတ်-မြန်မာစီးပွားစင်္ကြံမှာရှိနေတဲ့ စီမံကိန်းတွေ ဒါတွေကို အမြန်အကောင်အထည်ဖော်ဆောင်ရွက်သွားဖို့ နှစ်ဦးနှစ်ဖက်ထပ်လောင်းပြီးတော့ အတည်ပြုခဲ့ပါတယ်။ ဒ့ါအပြင် မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ပတ်သက်ပြီး တရုတ်နိုင်ငံအနေနဲ့ ဆက်လက်ပြီး ထောက်ခံဆောင်ရွက်သွားမယ်။ ဆက်လက်ပြီး ကြိုးပမ်းဆောင်ရွက်သွားမယ်ဆိုတာလည်း သိစေချင်ပါတယ်။ ဒီတော့ ခရီးစဉ်တွေအားလုံးကို ချုံ့ပြီးပြောရရင်တော့ မြန်မာနိုင်ငံအတွက် အခွင့်အလမ်းသစ်တွေ၊ အိမ်နီးနားချင်း တရုတ်နိုင်ငံနဲ့လည်း မြန်မာနိုင်ငံအတွက် အခွင့်အလမ်းသစ်တွေ ဖြစ်ပေါ်လာမှာဖြစ်ပါတယ်။ ဒီအခွင့်အလမ်းသစ်တွေကို မိမိရရဆုပ်ကိုင်နိုင်ဖို့အတွက် ကျွန်တော်ပြောနေကျစကားဖြစ်တဲ့ နံပါတ်တစ် ကျွန်တော်တို့ စည်းလုံးကြဖို့လိုတယ်။ နံပါတ်နှစ် ကျွန်တော်တို့ ခေတ်နဲ့အမီ တွေးခေါ်မြော်မြင်တတ်ဖို့ အရေးကြီးတယ်။ ကမ္ဘာကြီးမှာ ဒီနေ့ဘာတွေဖြစ်နေလဲ။ နိုင်ငံတကာမှာ ဘာတွေဖြစ်နေလဲ။ ကျွန်တော်တို့ မြန်မာမှာ ဘာတွေဖြစ်နေလဲ။ အမှန်တရားအတိုင်းပဲ သုံးသပ်ပြီးတော့ ကျွန်တော်တို့ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျွန်တော်တို့ ပြည်သူလူထုရဲ့၊ နိုင်ငံတော်ရဲ့ လူမှုစီးပွားဘဝမြှင့်တင်နိုင်ရေးအတွက် မှန်ကန်တဲ့အတွေးအခေါ်တွေနဲ့တွေးခေါ်ဆောင်ရွက်သွားကြဖို့ အရေးကြီးတယ်လို့ ပြောချင်ပါတယ်။

**မေး။ လက်ရှိခရီးစဉ်မှာ Nuclear စွမ်းအင်နဲ့ပတ်သက်ပြီး ဆွေးနွေးခဲ့တာရှိတယ်။ အနာဂတ်မှာရော မြန်မာနိုင်ငံအနေနဲ့ ဒီNuclear စွမ်းအင်နည်းပညာကို ဘယ်လိုအသုံးချဖို့ရှိလဲ။ ဒီပြင်မြန်မာပြည်ရဲ့ လျှပ်စစ်ဓာတ်အားတိုးတက်ရေးအတွက် အသေးစား Nuclear စက်ရုံ တည်ဆောက်ဖို့ စီစဉ်နေတာရှိတယ်လို့ သိရပါတယ်။ အဲဒါကို ဘယ်ကာလလောက် စတင်ဖို့ရှိပါသလဲ။**

**ဖြေ။** ဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ သဘောတူလက်မှတ်ရေးထိုးခဲ့တာရှိတယ်။ ယခင်နှစ်ကတည်းကတိုင် MoU ပေါ့ဗျာ။ ထပ်လောင်းပြီးတော့ ရေးထိုးခဲ့တာရှိတယ်။ အဓိကကတော့ ကျွန်တော်တို့က ပထမဦးဆုံး အဏုမြူစွမ်းအင်အသုံးပြုနိုင်ဖို့ လျှပ်စစ်ဓာတ်အားပေးစက်ရုံအတွက် လုံခြုံတဲ့နေရာတွေ ဆက်လက်ပြီး ရွေးချယ်သွားဖို့ရှိတယ်။ အခုလည်း ရန်ကုန်မှာ ခင်ဗျားတို့မြင်တဲ့အတိုင်းပဲ။ ကျွန်တော်တို့ ဟိုမှာ World Atomic Week Forum လုပ်နေတဲ့အချိန်မှာပဲ ရန်ကုန်မှာလည်း ကျွန်တော်တို့ လုပ်ခဲ့တာမျိုးရှိတယ်။ ဒီအဏုမြူစွမ်းအင်နဲ့ ပတ်သက်ပြီး ကျွန်တော်အသိပေးလိုတာက အဏုမြူစွမ်းအင်ဆိုတာက လုံခြုံမှုရှိတဲ့ စွမ်းအင်ဖြစ်ပါတယ်။ အဏုမြူစွမ်းအင်ဆိုတာသည် တည်ငြိမ်တဲ့လျှပ်စစ်ကို ပေးနိုင်တဲ့ စွမ်းအင်မျိုးဖြစ်ပါတယ်။ မြန်မာနိုင်ငံ တိုးတက်ဖို့ဆိုရင် ကျွန်တော်တို့ လျှပ်စစ်စွမ်းအားက ဘယ်လောက်ထိ လိုတယ်ဆိုတာကို အားလုံးက သိပြီးဖြစ်လိမ့်မယ်။ လျှပ်စစ်စွမ်းအား လိုတဲ့နေရာမှာ တည်ငြိမ်တဲ့ လျှပ်စစ်စွမ်းအင်ရရှိဖို့ အရေးကြီးတယ်။ ဥပမာ- ဆိုလာကနေ လျှပ်စစ်ရမယ်။ လေကနေ လျှပ်စစ်ရမယ်။ ပြီးရင် ရေအားလျှပ်စစ်၊ သဘာဝဓာတ်ငွေ့၊ စက်တွေကနေ လျှပ်စစ်စွမ်းအင်တွေရမယ်။ ဘယ်လိုပဲဖြစ်ဖြစ် လျှပ်စစ်စွမ်းအင်ဆိုတာ နိုင်ငံတစ်နိုင်ငံမှာ အမျိုးစုံပေါင်းပြီးတော့ ဆောင်ရွက်ရတာဖြစ်တယ်။ ဥပမာ- ဆိုလာလျှပ်စစ်စွမ်းအင်ဆိုရင် ညဘက်မှာ မရနိုင်တော့ဘူး။ Wind Power လေစွမ်းအင်ဆိုတာလည်း လေတိုက်ခတ်မှုလျော့နည်းတဲ့အချိန်မှာ မရနိုင်တော့ဘူး။ ဒီအချိန်မှာ နိုင်ငံတစ်နိုင်ငံလုံးမှာရှိနေတဲ့ စွမ်းအင်အရင်းအမြစ်တွေ အားလုံးက အသုံးပြုပြီးတော့ လိုတဲ့စွမ်းအင်ကို ဒီဘက်စွမ်းအင်ကဖြည့်မယ်။ ဟိုဘက်ကလိုတဲ့စွမ်းအင်ကို ဒီဘက်ကနေ ဖြည့်မယ်ဆိုတဲ့ဟာမျိုးတွေလိုပါတယ်။ ဒါကြောင့် ကျွန်တော်တို့ အနေနဲ့ ဒီစွမ်းအင်သည်လည်း အစပိုင်းရင်းနှီးမြှုပ်နှံမှုက ကြီးကောင်းကြီးမယ်။ နောက်ပိုင်းမှာတော့ တည်ငြိမ်တဲ့လျှပ်စစ်စွမ်းအားနဲ့ ဖွံ့ဖြိုးတိုးတက်မှုရစေနိုင်တယ်။ ဒါကတော့ လျှပ်စစ်စွမ်းအင်နဲ့ပတ်သက်တဲ့အပိုင်းပါ။ နံပါတ်နှစ်အပိုင်းကတော့ ဒီဟာကိုဆောင်ရွက်တဲ့နေရာမှာ Nuclear စွမ်းအင်နဲ့ပတ်သက်ပြီး မြန်မာနိုင်ငံအနေနဲ့ ထိတွေ့လာမယ်။ Nuclear စွမ်းအင်နဲ့ ပတ်သက်ပြီး သုတေသနပြုမှုတွေ၊ ဆေးဝါးဆိုင်ရာသုတေသန ကျန်တဲ့သုတေသနတွေ အားလုံးကို ဆောင်ရွက်နိုင်မှာဖြစ်တဲ့အတွက်ကြောင့် ဒါသည် ကျွန်တော်တို့ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့အတွက် လုပ်ဆောင်ရမယ့် စွမ်းအင်တစ်ခုဖြစ်ကြောင်း ကျွန်တော့်အနေနဲ့ ပြောလိုပါတယ်။ အသိပေးလိုပါတယ်။

**မေး။ ယာယီသမ္မတကြီးအနေနဲ့ ခရီးစဉ်အတွင်းမှာ ရုရှားသမ္မတကြီးနဲ့ရော ကာဇက်စတန် သမ္မတကြီးနဲ့ရော တွေ့ဆုံဆွေးနွေးခဲ့တာရှိတယ်။ အဲဒီနှစ်နိုင်ငံနဲ့ အနာဂတ်မှာ ပူးပေါင်းဆောင်ရွက်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုအလားအလာတွေက ဘယ်လိုဆက်ရှိနိုင်ပါသလဲ။**

**ဖြေ။** နှစ်နိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်မှု၊ ရင်းနှီးမြှုပ်နှံမှုဆိုတာတွေ ပိုပြီးတိုးတက်လာမယ့် အလားအလာရှိပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံကိုလည်း သူတို့အနေနဲ့ လိုလိုလားလားကို ဖိတ်ခေါ်ပြီးတော့ ဆောင်ရွက်တဲ့သဘောရှိပါတယ်။ ဒ့ါအပြင် ကျွန်တော်တို့အပြန်ခရီးစဉ်မှာ ကူမင်းကို ဝင်ခဲ့တဲ့အခါမှာလည်း တရုတ်နိုင်ငံရဲ့ ကူမင်းမှာတွေ့ရှိခဲ့တဲ့ ယူနန်ပြည်နယ်အစိုးရရဲ့ပြောကြားချက်ပေါ့နော်။ ယူနန်ပြည်နယ်အစိုးရ ပြောကြားချက်ဆိုတာကလည်း တရုတ်ဗဟိုအစိုးရရဲ့သဘောထားကိုပဲ ပြောကြားချက်ပဲ ဖြစ်ပါတယ်။ ဒါကလည်း ကျွန်တော်တို့ မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီး အပြုသဘောဆောင်ပြီး အားကောင်းတာတွေ့ရပါတယ်။ ဒီခရီးစဉ်အားလုံးမှာ အနှစ်ချုပ်ပြောရရင် ဒီနိုင်ငံသုံးနိုင်ငံလုံးသည် မြန်မာနိုင်ငံရဲ့ ရွေးကောက်ပွဲကို ကြိုဆိုတယ်။ မြန်မာပြည်သူလူထုရဲ့ ဆန္ဒဖြစ်တဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းနိုင်ရေးအတွက် သူတို့အနေနဲ့အမြဲတမ်းအားပေးလျက်ရှိတယ်။ ပြီးရင် ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမြဲတမ်းအားပေးလျက်ရှိတယ်။ ဒီလိုအားပေးလျက်ရှိတဲ့အတွက်ကြောင့်မို့ ကျွန်တော်တို့နိုင်ငံအနေနဲ့ မကြာမီမှာကျင်းပမယ့်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို အောင်မြင်စွာကျင်းပပြီးတော့ ကျွန်တော်တို့ရဲ့ ရည်မှန်းချက်ဖြစ်တဲ့ စည်းကမ်းစနစ်ကျတဲ့ စစ်မှန်ပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ပြည်သူလူထုတွေအားလုံးက လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်လျှောက်လှမ်းသွားကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ အဏုမြူစွမ်းအင်သုံး ရေခဲခွဲသင်္ဘောကြီးပေါ်တွင် နိုင်ငံကိုယ်စားပြုအဖြစ် သွားရောက်လေ့လာခွင့်ရရှိခဲ့သည့် ကျောင်းသူလေး မအိမ့်သူသူခင်၏ အတွေ့အကြုံနှင့် ဝမ်းသာပီတိပြောစကားများ

တွေ့ဆုံမေးမြန်း – သစ္စာ(သတင်းစဉ်)
ဓာတ်ပုံ – ဖွဲ့မာန် /BEHS(1) Dagon TS

**နိုင်ငံတော်က လူငယ်များအား ပညာရေးစွမ်းရည်မြင့်မားပြီး အသိပညာဖွံ့ဖြိုးတိုးတက်မှုဖြင့် နိုင်ငံ့တာဝန်များအား ပခုံးပြောင်းထမ်းဆောင်နိုင်စေရန် ပညာရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။ လူငယ်ဖိုရမ်များနှင့် ဆွေးနွေးပွဲများကိုလည်း ကျင်းပပြုလုပ်ပေးလျက်ရှိသည့်အပြင် ကျောင်းသားလူငယ်များ အာဆီယံနှင့် နိုင်ငံတကာအတွေ့အကြုံများရရှိပြီး နိုင်ငံအကျိုးပြု အသိပညာဗဟုသုတများ ရရှိစေရေး ခရီးစဉ်များ ပို့လွှတ်စီစဉ်ပေးလျက်ရှိကြောင်း သိရသည်။**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း “ROSATOM” က ဖိတ်ခေါ်သည့် “Icebreaker of Knowledge” Project တွင် နိုင်ငံတစ်ဝန်း အတိုင်းအတာဖြင့် အသက် ၁၄ နှစ်မှ ၁၆ နှစ်ရှိ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ဖြေဆိုခဲ့ရာ တစ်ဦးတည်း Winner အဖြစ် အောင်မြင်မှုရရှိခဲ့သည့် ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မအိမ့်သူသူခင်က ရုရှားဖက်ဒရေးရှင်းနိုင်ငံ အဏုမြူစွမ်းအင်သုံး ရေခဲခွဲသင်္ဘောကြီးပေါ်၌ နိုင်ငံကိုယ်စားပြုအဖြစ် နိုင်ငံပေါင်း ၂၁ နိုင်ငံမှ ကျောင်းသား ကျောင်းသူများနှင့်အတူ သွားရောက်လေ့လာခွင့်ရရှိခဲ့ပါသည်။

အဆိုပါကျောင်းမှ ကျောင်းသူ မအိမ့်သူသူခင်၊ လိုက်ပါကြီးကြပ်သူ ဆရာမနှင့် ကျောင်းအုပ်ဆရာမကြီးတို့အား တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ပါသည်–




ရုရှားအဏုမြူစွမ်းအင်သုံးရေခဲခွဲသင်္ဘောနှင့်အတူ နိုင်ငံ ၂၁ နိုင်ငံမှ လေ့လာရေးထူးချွန်ကျောင်းသားများကို တွေ့ရစဉ်။

**မအိမ့်သူသူခင်(Grade–10)**

သမီးက ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း Grade–10 မှာ ပညာသင်ကြားနေသူပါ။ ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် Rosatom Energy of the future non–profit organization က ဆောင်ရွက်တဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နှစ်(၈၀)ပြည့် အဏုမြူစွမ်းအင်လုပ်ငန်းစဉ်၊ ပင်လယ်ရေကြောင်းလမ်းကို ရှာဖွေတွေ့ရှိတဲ့ နှစ်(၅၀၀)ပြည့်မှာ ဆောင်ရွက်တဲ့ Icebreaker of Knowledge 2025 ပြိုင်ပွဲအစီအစဉ်မှာ မြန်မာနိုင်ငံကိုယ်စားပြု ထူးချွန်ကျောင်းသူအဖြစ် အထက(၁) ဒဂုံအနေနဲ့ ပထမ Winner ရရှိပြီး ဒီခရီးစဉ်ကို သွားရောက်ခွင့်ရခဲ့ခြင်းဖြစ်ပါတယ်။



မအိမ့်သူသူခင်



ဒေါက်တာစန္ဒာမြင့်မြိမ်း



ဆရာမ ဒေါ်အေးမြသီတာ

ရုရှားဖက်ဒရေးရှင်းနိုင်ငံ အဏုမြူစွမ်းအင်သုံး ရေခဲခွဲသင်္ဘောကြီး 50 let pobedy Icebreaker နဲ့ သမီးအပါအဝင် နိုင်ငံပေါင်း ၂၁ နိုင်ငံက ထူးချွန်ကျောင်းသား ကျောင်းသူတွေ ROSATOM က တာဝန်ရှိသူတွေနဲ့အတူ လေ့လာရေးခရီးသွားခဲ့ရပါတယ်။ ခရီးစဉ်က ဩဂုတ်လ ၁၀ ရက်နေ့ကနေ ၂၅ ရက်နေ့အထိဖြစ်ပြီး သင်္ဘောပေါ်မှာ ၁၀ ရက်ကြာခဲ့ပါတယ်။ မြန်မာနိုင်ငံကိုယ်စားပြု Winner အနေနဲ့ သွားရတာဖြစ်တဲ့အတွက် အဲဒီမှာပြုလုပ်တဲ့ Projects, Presentations, Workshops တွေ အကုန်လုံးမှာ မြန်မာနိုင်ငံရဲ့ဂုဏ်ကို ဆောင်နိုင်ဖို့အတွက် သေချာပြင်ဆင်ပြီးသွားခဲ့ပါတယ်။ သင်္ဘောကြီးမှာ နျူကလီးယားနည်းပညာအကြောင်းတွေ ရှင်းပြတဲ့ ဟောပြောပွဲတွေ၊ သင်ပြမှုတွေကို သေချာလေ့လာမှတ်သားခဲ့ပါတယ်။

ရုရှားနိုင်ငံ မော်စကိုမြို့တော်နဲ့ Nurmonsk မြို့တွေကိုလည်း လေ့လာရေးသွားခဲ့ရပါတယ်။ Atom Museum မှာ Atomic theory, scientists နဲ့ ပတ်သက်တဲ့သမိုင်းကြောင်း၊ အဏုမြူစွမ်းအင်နည်းပညာပိုင်းဆိုင်ရာ ကျယ်ပြန့်တဲ့ဗဟုသုတ၊ အတွေ့အကြုံတွေ၊ အသိပညာ အတတ်ပညာတွေ တိုးပွားအောင် ကဏ္ဍအသီးသီးကို လေ့လာခဲ့ပါတယ်။ အဏုမြူစွမ်းအင်နဲ့ပတ်သက်ပြီး သင်္ဘောပေါ်မှာ အသုံးပြုတဲ့ fuel, reactor, engine, navigation rooms အခန်းတွေကို ပြသရှင်းလင်းပါတယ်။

ဒီသင်္ဘောကြီးက အဏုမြူစွမ်းအင်သုံးသင်္ဘောကြီးတစ်စင်းပါ။ အခုအစီအစဉ်ဟာ သမီးတို့ကို ဉာဏ်ရည်ဉာဏ်သွေးထက်မြက်ပြီး ကြိုးစားအားထုတ်မှု ပိုမိုကောင်းမွန်အောင်၊ သိပ္ပံနည်းပညာဆိုင်ရာတွေ သိရှိအောင်ရည်ရွယ်ပြီး ခေါ်ယူတဲ့အစီအစဉ်တစ်ခုလည်းဖြစ်ပါတယ်။ နိုင်ငံပေါင်း ၂၁ နိုင်ငံက ထူးချွန်ကျောင်းသားတွေကို အဏုမြူစွမ်းအင်နဲ့ပတ်သက်ပြီး အနာဂတ်မှာ တီထွင်စမ်းသပ်မှုတွေ၊ ဖြစ်နိုင်တဲ့အကြောင်းအရာတွေကို စဉ်းစားခိုင်းပြီးတော့ အဖွဲ့လိုက်ဆွေးနွေးမှုတွေလည်း လုပ်ဆောင်ရပါတယ်။ ပြီးတော့ ဉာဏ်စမ်းတွေလည်းဖြေရပါတယ်။ အဏုမြူစွမ်းအင်နဲ့တီထွင်ထားတဲ့ စက်ကိရိယာပစ္စည်းအကြောင်းတွေ၊ Icebreaker အကြောင်းတွေ၊ Icebreaker သင်္ဘောကြီးရဲ့ Power, length, width နဲ့ ပတ်သက်ပြီး အသေးစိတ်သင်ကြားပေးပြီး ROSATOM ရဲ့ လုပ်ငန်းစဉ်အကြောင်းကိုလည်း ပြောပြပါတယ်။ အဏုမြူစွမ်းအင်ဆိုတာ နိုင်ငံတစ်နိုင်ငံအတွက် လျှပ်စစ်စွမ်းအင်ရရှိဖို့ ဆောင်ရွက်ပေးနိုင်ပြီး အဏုမြူစွမ်းအင်ဟာ ကျောက်မီးသွေးထက် ပိုလုံခြုံစိတ်ချတယ်ဆိုတာ လက်တွေ့စမ်းသပ်ခဲ့ရပါတယ်။

၂၁ နိုင်ငံထဲမှာ အာဆီယံနိုင်ငံထဲက မြန်မာနိုင်ငံအပါအဝင် အင်ဒိုနီးရှားနဲ့ ဗီယက်နမ်နိုင်ငံတို့လည်း ပါပါတယ်။ ခရီးစဉ်တစ်လျှောက်လုံး အစစအရာရာ အဆင်ပြေပါတယ်။ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်/ဆက်သွယ်ပြီး နည်းပညာဆိုင်ရာတွေကို ဆွေးနွေးသင့်တယ်လို့ သမီးထင်ပါတယ်။ အခုလို သွားရောက်နိုင်ဖို့ ကူညီပေးတဲ့ နိုင်ငံတော်အကြီးအကဲနဲ့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ တာဝန်ရှိသူတွေနဲ့ အဘက်ဘက်က ကူညီပေးသူတွေအားလုံးကို အထူးကျေးဇူးတင်ပါတယ်။

**ဒေါက်တာစန္ဒာမြင့်မြိမ်း**
**(အထက–၁ ဒဂုံ ကျောင်းအုပ်ကြီး)**

ကျွန်မတို့ကျောင်းအနေနဲ့ ထူးချွန်ကျောင်းသားတွေကိုမွေးထုတ်ပြီး နိုင်ငံတကာကို စေလွှတ်နေတာရှိပါတယ်။ မအိမ့်သူသူခင်က Grade – 10 ကျောင်းသူဖြစ်ပါတယ်။ သူက ရူပဗေဒဘာသာရပ်မှာ အဏုမြူစွမ်းအင်ဆိုင်ရာ အနည်းငယ်ပဲ သင်ယူရပါသေးတယ်။ အဏုမြူစွမ်းအင်ခေါင်းစဉ်နဲ့ ခေါ်တာဆိုတော့ စိတ်ပူတာတော့ရှိပါတယ်။ ဒါပေမဲ့ သူ့ရဲ့ကြိုးစားအားထုတ်မှု၊ အရည်အချင်းပြည့်ဝမှု၊ ဘာသာစကားပြည့်ဝမှုတွေက အထောက်အပံ့ဖြစ်ပြီး ပြိုင်ပွဲတွေမှာ ရွေးချယ်ခံခဲ့ရတာပါ။

စာမျက်နှာ ၁၃ သို့ ☆



နိုင်ငံပေါင်း ၂၁ နိုင်ငံမှ ထူးချွန်ကျောင်းသားများနှင့် သင်တန်းဆရာများကို တွေ့ရစဉ်။

☆ စာမျက်နှာ ၁၂ မှ

အခုလို သွားရောက်တဲ့အခါ ကျောင်းအကျိုးတော်ဆောင်နဲ့ ကျောင်းသားမိဘတွေ ပူးပေါင်းဆောင်ရွက်ပြီး အခက်အခဲမရှိအောင် ဆောင်ရွက်ပေးခဲ့ပါတယ်။ အခုခေတ်ကလေးတွေက ကျောင်းဘာသာရပ်အပြင် အခြားဘာသာရပ်တွေကို လေ့လာသင်ယူနေတာတွေလည်းရှိပါတယ်။ အခုလို သင်ယူသူတွေထဲက ထူးချွန်ကျောင်းသူပေါ်ထွက်ခဲ့တာဖြစ်ပါတယ်။ ကျွန်မတို့ကျောင်းက ရုရှားနိုင်ငံကို အခုနှစ်ထဲမှာ Biology Olympic 2025 ခေါင်းစဉ်နဲ့ သွားရောက်ယှဉ်ပြိုင်တဲ့အခါမှာလည်း ကြေးတံဆိပ်ရရှိခဲ့ပါတယ်။

အခုလို ရုရှားနိုင်ငံက အဏုမြူစွမ်းအင်ကို လေ့လာခွင့်ရတဲ့အတွက် ကျောင်းအနေနဲ့ ဂုဏ်ယူရတဲ့အပြင် နိုင်ငံ့ဂုဏ်ဆောင်အဖြစ် သွားရောက်လေ့လာခွင့်ရတာကို ဂုဏ်ယူမိပါတယ်။ ကျွန်မအနေနဲ့လည်း နိုင်ငံကိုယ်စားပြုအဖြစ် ထူးချွန်ကျောင်းသားတွေ ဆက်လက်ပေါ်ထွန်းလာအောင် ကြိုးပမ်းဆောင်ရွက်နေပါတယ်။ အခုလို သွားရောက်လေ့လာခွင့်ရရှိမှုအပေါ် နိုင်ငံတော်အကြီးအကဲ၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနဲ့ တာဝန်ရှိသူတွေအားလုံးကို အထူးကျေးဇူးတင်ပါတယ်။

**ဆရာမ ဒေါ်အေးမြသီတာ (လိုက်ပါကြီးကြပ်သူ)**

ကျွန်မက အထက်တန်းပြဆရာမပါ။ အခုလို သမီးနဲ့အတူ ရုရှားနိုင်ငံကို ကြီးကြပ်သူအဖြစ် လိုက်ပါခွင့်ရတဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်။ ကျွန်မက နိုင်ငံခြားခရီးစဉ်ကို လေးကြိမ် သွားရောက်ခဲ့ဖူးပါတယ်။ သမီးလေးကတော့ စင်ကာပူ၊ ဂျပန်နဲ့ အခုရုရှားကို သွားရောက်ခဲ့ပြီးသွားပါပြီ။ ရုရှားရေခဲခွဲသင်္ဘောကြီးနဲ့ ကမ္ဘာ့မြောက်ဝင်ရိုးစွန်းမှာ မြန်မာနိုင်ငံအလံကို အခြားနိုင်ငံတွေနဲ့အတူ လွှင့်ထူခွင့်ရခဲ့တဲ့အတွက် အတိုင်းမသိ ဝမ်းမြောက်မိပါတယ်။ အခုလို ရုရှားနိုင်ငံကို သွားရောက်လေ့လာခွင့်ရတဲ့ ကျောင်းသူလေးအနေနဲ့လည်း မိမိနိုင်ငံ၊ မိမိကျောင်းနဲ့ မိသားစုအတွက် ဝမ်းမြောက်ဂုဏ်ယူနေမှာ အမှန်ပါ။

အဆိုပါအဏုမြူစွမ်းအင်သုံး ရေခဲခွဲသင်္ဘောတွင် နိုင်ငံကိုယ်စားပြုအဖြစ် သွားရောက်လေ့လာခွင့်ရရှိရန် နိုင်ငံတစ်ဝန်း အခြေခံပညာကျောင်းများမှ အသက် ၁၄ နှစ်မှ ၁၆ နှစ်အတွင်းရှိ ကျောင်းသားကျောင်းသူများက ဧပြီလ ၂၈ ရက်မှ ဇွန်လ ၈ ရက်နေ့အထိ “Icebreaker of Knowledge” Project တွင် အဆင့်သုံးဆင့်ဖြင့် ဖြေဆိုခဲ့ကြရာ ဇွန်လအတွင်း နိုင်ငံကိုယ်စားပြု ထူးချွန်ကျောင်းသူတစ်ဦးအဖြစ် မအိမ့်သူသူခင်အား ရွေးချယ်ခဲ့ခြင်းဖြစ်ပါသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် Rosatom Energy of the future non–profit organization က ဆောင်ရွက်သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ နှစ်(၈၀)ပြည့် အဏုမြူစွမ်းအင်လုပ်ငန်းစဉ်နှင့် ပင်လယ်ရေကြောင်းလမ်းကို ရှာဖွေတွေ့ရှိခဲ့သည့် နှစ်(၅၀၀)ပြည့် အစီအစဉ်အဖြစ် Icebreaker of Knowledge 2025 ပြိုင်ပွဲတွင် ရုရှား၊ မြန်မာ၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ အမေရိကန်၊ တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ဘယ်လာရုစ်၊ ဘိုလီးဗီးယား၊ ဘရာဇီး၊ အီဂျစ်၊ ဂါနာ၊ ယူဂန္ဓာ၊ ကာဇက်စတန်၊ ကာဂျစ်စတန်၊ မွန်ဂိုလီးယား၊ နမီးဘီးယား၊ တောင်အာဖရိက၊ တူကီယဲနှင့် ဥဇဘက်ကစ္စတန်နိုင်ငံတို့မှ ထူးချွန်ကျောင်းသား ကျောင်းသူများ ရွေးချယ်ခံခဲ့ရကြောင်း သိရသည်။



ရုရှား အဏုမြူစွမ်းအင်သုံး ရေခဲခွဲသင်္ဘောကြီးပေါ်တွင် နိုင်ငံကိုယ်စားပြုလေ့လာခွင့်ရရှိခဲ့သည့် ကျောင်းသူလေး မအိမ့်သူသူခင် မြန်မာနိုင်ငံတော်အလံကို ဂုဏ်ယူဝင့်ကြွားစွာ လွှင့်ထူခဲ့စဉ်။

# ပဋိပက္ခသစ်များ ထပ်မံဖြစ်ပွားစေမည့် နျူကလီးယားဆွေးနွေးပွဲများကို ဆန့်ကျင်မည်ဟု အီရန်သမ္မတပြောကြား



**တီဟီရန် စက်တင်ဘာ ၂၉**

ပဋိပက္ခသစ်များ ထပ်မံဖြစ်ပွားစေမည့် နျူကလီးယားဆွေးနွေးပွဲများကို အီရန်ကဆန့်ကျင်မည်ဖြစ်ကြောင်း အီရန်သမ္မတ မာဆော့ပါဇက်ကီရှန်က ပြောကြားသည်။ အီရန်အပေါ် အနောက်နိုင်ငံများက အရေးယူပိတ်ဆို့မှုများဖြေလျှော့ခြင်းနှင့်ပတ်သက်၍ ဆွေးနွေးရာတွင် တိုးတက်မှုများမရှိပါက ညှိနှိုင်းဆွေးနွေးမည်မဟုတ်ကြောင်း ၎င်းက ပြောကြားသည်။ အီရန်၏နျူကလီးယားအစီအစဉ် ဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ ကုလသမဂ္ဂက စက်တင်ဘာ ၂၁ ရက်တွင် အရေးယူပိတ်ဆို့မှုများ ထပ်မံချမှတ်ခဲ့ပြီးနောက် ၎င်းက ယခုကဲ့သို့ပြောကြားခြင်းဖြစ်သည်။

အီရန်သည် ၂၀၁၅ ခုနှစ် နျူကလီးယား သဘောတူညီချက်ကို ချိုးဖောက်ကြောင်း ဗြိတိန်၊ ပြင်သစ်နှင့်ဂျာမနီတို့က စွပ်စွဲခဲ့ကြသည်။ အီရန်အနေဖြင့် အမေရိကန်နှင့် နျူကလီးယားအရေး တိုက်ရိုက်ဆွေးနွေးရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယိုက တိုက်တွန်းပြောကြားသည်။ အီရန်အနေဖြင့် ကျိုးကြောင်းဆင်ခြင်မှုရှိသည့် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ရန်အသင့်ရှိပြီး ရှင်းလင်းပြတ်သားသည့်စံနှုန်းများအပေါ်တွင် အခြေခံဆောင်ရွက်မည်ဖြစ်ကြောင်း အီရန်သမ္မတကပြောကြားသည်။ အရေးယူပိတ်ဆို့မှုများကြောင့် စီးပွားရေးကျဆင်းမည်ဟု စိုးရိမ်ပူပန်မှုများရှိသော်လည်း နိုင်ငံသားများ၏ လူမှုစီးပွားဘဝမြှင့်တင်ရေးအတွက် အစိုးရကဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – စိုးသူရ**


# တရုတ်ဝန်ကြီးချုပ်နှင့် မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး တွေ့ဆုံဆွေးနွေး

**ပေကျင်း စက်တင်ဘာ ၂၉**

တရုတ်နိုင်ငံသည် မြောက်ကိုရီးယားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်မည်ဖြစ်ကာ ဘုံအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်မည်ဖြစ်ကြောင်း တရုတ်ဝန်ကြီးချုပ် လီချန်းက မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ချိုဆန်ဟူနှင့် ပေကျင်းတွင် စက်တင်ဘာ ၂၉ ရက်က တွေ့ဆုံစဉ် ပြောကြားသည်။

ယခုလအစောပိုင်းက တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်တို့ပေကျင်းတွင် တွေ့ဆုံခဲ့စဉ်က တရုတ်နှင့်မြောက်ကိုရီးယား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးမြှင့်တင်ရန် အရေးကြီးသည့် သဘောတူညီချက်များရရှိခဲ့ကြောင်း တရုတ်ဝန်ကြီးချုပ်လီချန်းက ပြောကြားသည်။

တရုတ်နိုင်ငံသည် မြောက်ကိုရီးယားနှင့်ရေရှည်တည်တံ့သည့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေးကို မြှင့်တင်မည်ဖြစ်ကာ နှစ်နိုင်ငံခေါင်းဆောင်များကြား ရရှိခဲ့သည့် အရေးကြီးသည့် သဘောတူညီချက်များကို အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပြီး အစဉ်အလာအရ ချစ်ကြည်ရင်းနှီးမှုကို မြှင့်တင်၍ နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားကို ရှေးရှုဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ တရုတ်နိုင်ငံအနေဖြင့် မြောက်ကိုရီးယားနိုင်ငံနှင့် ပေါင်းစည်းဆက်ဆံမှုကို မြှင့်တင်မည်ဖြစ်ကာ ကဏ္ဍတိုင်းတွင် လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။



တရုတ်နိုင်ငံ၏ အဓိက အကျိုးစီးပွားဆိုင်ရာကိစ္စရပ်များအတွက် မြောက်ကိုရီးယား၏ ခိုင်မာသောထောက်ခံမှုကို ချီးကျူးဂုဏ်ပြုကြောင်း၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်နက်ရှိုင်းစေပြီး ဘုံအကျိုးစီးပွားကို ကာကွယ်ထိန်းသိမ်းလိုကြောင်းနှင့် နှစ်နိုင်ငံလုံးရှိ နိုင်ငံခြားရေးဝန်ကြီးဌာနများ အနေဖြင့် ကဏ္ဍတိုင်းတွင် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ကာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို အောင်မြင်အောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း တရုတ်ဝန်ကြီးချုပ်က ပြောကြားသည်။

နှစ်နိုင်ငံခေါင်းဆောင်များ တွေ့ဆုံမှုမှနေ၍ နှစ်နိုင်ငံဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းကို ထောက်ပြခဲ့ကြောင်းနှင့် မြောက်ကိုရီးယားအနေဖြင့် တရုတ်နိုင်ငံနှင့် ဆက်ဆံရေးခိုင်မာစေရေးအတွက် ဆောင်ရွက်ခြင်းသည် မြောက်ကိုရီးယား၏ မပြောင်းမလဲ ခိုင်မာမြဲမြံသည့် ရပ်တည်ချက်ဖြစ်သလို နှစ်နိုင်ငံပြည်သူများ၏ အခြေခံ အကျိုးစီးပွားနှင့်ကိုက်ညီကြောင်း မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီး ချိုဆန်ဟူက ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံသည် တရုတ်နိုင်ငံက ဆောင်ရွက်နေသည့် လူသားမျိုးနွယ်အတွက် မျှဝေသောအနာဂတ်တည်ထောင်ရေးနှင့် ကမ္ဘာလုံးဆိုင်ရာ အဓိကအစီအမံကြီးလေးရပ်ကို အပြည့်အဝထောက်ခံပြီး တရုတ်နိုင်ငံ၏ အဓိက အကျိုးစီးပွားများနှင့် ပတ်သက်သည့် ကိစ္စရပ်များတွင် တရုတ်နိုင်ငံ၏ ရပ်တည်ချက်ကို အခိုင်အမာ ဆက်လက်ထောက်ခံသွားမည်ဖြစ်ကြောင်း ချိုက ပြောကြားသည်။

**ပြောကြား**

မြောက်ကိုရီးယားသည် အဆင့်မြင့်ဆက်ဆံရေးများတိုးမြှင့်ရေး၊ နိုင်ငံခြားရေးဝန်ကြီးဌာနများကြား ပူးပေါင်းဆောင်ရွက်မှုများ အားကောင်းစေရေး၊ လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရေးနှင့် ဘက်စုံပူးပေါင်း ဆောင်ရွက်မှုများ တိုးမြင့်လာစေရေးအတွက် တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မည် ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား–ဆင်ဟွာ**

**ဘာသာပြန်–စိုးသူရ**

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အမည်ခံ အဖွဲ့ဝင် ငါးဦး လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်

**နေပြည်တော် စက်တင်ဘာ ၂၉**

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင် လျက်ရှိသည့် အဖွဲ့အစည်းများ အတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည် ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေ ဘောင်အတွင်းသို့ ပြန်လည် ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက် ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် PDF အမည်ခံအဖွဲ့မှ အဖွဲ့ဝင် ငါးဦး သည် လက်နက်ခဲယမ်းများနှင့် အတူ ယနေ့တွင် ဥပဒေဘောင် အတွင်းသို့ ထပ်မံဝင်ရောက်လာ ကြသည်။



အဆိုပါဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် တိုင်းရင်း သား လက်နက်ကိုင်အဖွဲ့များထံ ရောက်ရှိနေသော PDF အမည်ခံ အဖွဲ့ဝင်များသည် အတင်းအဓမ္မ စုဆောင်းခံကြရခြင်း၊ အကြမ်းဖက် အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ ပြည်သူများနှင့် နိုင်ငံ့ ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေး ပစ်မှတ်မဟုတ်သည့် အခြေခံ အဆောက်အအုံများ၊ လမ်း၊ တံတား များကို မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခြင်းစသည့် အကြမ်းဖက် လုပ်ရပ်များကို လက်မခံနိုင်တော့ ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် လူမျိုးရေး ခွဲခြားဆက်ဆံမှုနှင့် အဆင့်အတန်းခွဲခြား၍ အချင်းချင်း ဗိုလ်ကျ နိုပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုများကျူးလွန်ခြင်း၊ အနေ အစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိ ဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့ အပြင် နိုင်ငံတော်နှင့် တပ်မတော် ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင် အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည် အကျိုးပြုလိုခြင်း တို့ကြောင့် လက်နက်ကိုင် လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ် ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသည့် ပဲခူးတိုင်းဒေသကြီး သာယာဝတီ ခရိုင် မင်းလှမြို့နယ်နှင့် နတ်တလင်း ခရိုင် ပေါင်းတည်မြို့နယ်တို့မှ PDF အဖွဲ့ဝင် အမျိုးသား ငါးဦးတို့ကို တာဝန်ရှိသူများက ကြိုဆိုလက်ခံ ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်း အပ်နှံပွဲကို ယနေ့တွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ နယ်မြေခံတပ်ခန်းမ၌ ပြုလုပ်ရာ နယ်မြေခံတပ်မှ တာဝန် ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာခဲ့ကြသည့် PDF အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူတစ်ဦးက နယ်မြေတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေ စိုးမိုးရေးဆိုင်ရာ ပုဒ်မများနှင့်ပတ်သက်၍ အသိ ပညာပေး ရှင်းလင်းပြောကြား သည်။ ထို့နောက် ဥပဒေဘောင် အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြ သူများက ၎င်းတို့နှင့်အတူ ပါရှိ လာသည့် ဘီအေ-၆၃ တစ်လက်၊ ၎င်းကျည်အိမ် သုံးခု၊ ၄၀ မမ လက်လုပ်သေနတ် တစ်လက်၊ တူမီးသေနတ် တစ်လက်၊ ခဲယမ်း နှင့် ဆက်စပ်ပစ္စည်းများကို လွှဲပြောင်းအပ်နှံရာ တာဝန်ရှိသူ တစ်ဦးက လက်ခံရယူသည်။

ယင်းနောက် တာဝန်ရှိသူများက လက်နက် ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက် လာသူများအား ဂုဏ်ပြုဆုငွေများ နှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ကာ ဝန်ခံကတိလက်မှတ် ရေးထိုးစေပြီး မိဘအုပ်ထိန်းသူ များထံ ပြန်လည်လွှဲပြောင်းအပ်နှံ ပေးကြသည်။ ထို့နောက် ဥပဒေ ဘောင်အတွင်း ပြန်လည်ဝင်ရောက် လာသူ တစ်ဦးက ကျေးဇူးတင် စကား ပြန်လည်ပြောကြားသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသူ များအား ပြန်လည်ကြိုဆိုလက်ခံ ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်း သူများထံသို့ စနစ်တကျပြန်လည် လွှဲအပ်ပေးလျက်ရှိရာ ဥပဒေ ဘောင်အတွင်းသို့ ပြန်လည် ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လိုသူများ အနေဖြင့် နီးစပ်ရာ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆို လက်ခံပြီး လိုအပ်သည့်ကူညီ ထောက်ပံ့မှုများ ပေးအပ်သွားမည် ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်း များအတွက် ဆုကြေးငွေများ ပေးအပ်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## နယ်စပ်ရေးရာဝန်ကြီးဌာနက လင်းခေးခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၉**


နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တစ်နိုင်ငံလုံး အကြားအလပ်မရှိ စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ် နောင်လုံကျေးရွာအုပ်စု နောင်လုံကျေးရွာအဝင် မြေသားလမ်း နှစ်မိုင် နှစ်ဖာလုံအနက် တစ်မိုင် ကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက် ရှိသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်ပြီးစီးပါက လင်းခေးခရိုင်အတွင်းရှိ ကျေးရွာ ၁၀ ရွာမှ လူဦးရေ ၃၁၅၆ ဦးတို့၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**


### ❂ အပူပိုင်းမုန်တိုင်းမှ သတိပေးနှိုးဆော်ချက်

Japan Meteorological Agency(JMA)မှ အပူပိုင်းမုန်တိုင်း “ဘူအလွိုင်”(BUALOI)လမ်းကြောင်းပြပုံ




အဆိုပါ အပူပိုင်းမုန်တိုင်း “ဘူအလွိုင်”မှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့် ယနေ့ညနေမှ အောက်တိုဘာ ၁ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေး တိုင်းဒေသကြီး၊ ပဲခူးတိုင်း ဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီ တိုင်းဒေသကြီး၊ တနင်္သာရီတိုင်း ဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင် ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများ တွင် ဒေသအလိုက်နှင့် နေရာ ကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ် နိုင်သည်။ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက် ပြီး လှိုင်းကြီးမည်။ မိုးသက် လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် ၃၅ မိုင် အထိ တိုက်ခတ်နိုင်သည်။ လှိုင်း အမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၉-၉-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ဝ၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၃၀-၉-၂၀၂၅ ရက်နေ့မှ ၁-၁၀-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှု ခန့်မှန်းချက်ပြပုံ




**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်း တိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက် ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝ ဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသ များရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများ အနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင် ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြု ရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်း ရေကြောင်း သွားလာရေး၊ လေကြောင်း ပျံသန်းရေးနှင့် ဆည်မြောင်း တာတမံများ အနေဖြင့်လိုအပ်သည်များ ကြိုတင် ပြင်ဆင် ဆောင်ရွက်ထားနိုင် ပါရန် သတိပေးနှိုးဆော်အပ်ပါ သည်။

**မိုး/ဇလ**

## စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၉**

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် စိုးရိမ်ရေမှတ် အထက်သို့ပေဝက်ကျော် ကျော်လွန်နေပြီး နောက်တစ်ရက် အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်း မြစ်ရေသည် မဒေါက်မြို့တွင် စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ် ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# ရန်ကုန်မြို့ အိန္ဒိယနိုင်ငံသံရုံးကကြီးမှူး၍ "Viksit Bharat Run 2025" အပြေးပြိုင်ပွဲ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၉**

အိန္ဒိယနိုင်ငံသံရုံးက ကြီးမှူးကျင်းပသည့် "Viksit Bharat Run 2025" အပြေးပြိုင်ပွဲကို ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်တွင် ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur နှင့်တာဝန်ရှိသူများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။





ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur က အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကားပြောကြားသည်။

ထို့နောက် ပြိုင်ပွဲဝင်များနှင့် တာဝန်ရှိသူများက သွေးပူလေ့ကျင့်ခန်းပြုလုပ်ကြပြီး ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများက အလံတင်တာလွှတ်အပြီး ပြိုင်ပွဲဝင် ၃၀၀ ခန့်က ပြည်သူ့ရင်ပြင်အတွင်းမှ ပြည်လမ်း- အလုံလမ်း- ဦးဝိစာရလမ်းအတိုင်း ထိုမှ ရွှေတိဂုံစေတီတော် အနောက်ဘက်ပြည်သူ့ရင်ပြင် အရှေ့ဘက်ဝင်ပေါက်အထိ ငါးကီလိုမီတာ ယှဉ်ပြိုင်ကြရာ ပန်းဝင်သူများကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများက အားပေးကြိုဆိုကြကာ ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်တို့က ကြီးမှူး၍ JNCS ကုမ္ပဏီလီမိတက်မှ ဦးဆောင်ကျင်းပသည့် IMAKI Pride Glory Honor မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲများကို ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူအားကစားရုံ၌ တွဲဆိုင်း ၁၀ ဆိုင်းအဖြစ် အမျိုးသား လေးချီ လေးပွဲ၊ အမျိုးသား ငါးချီ ငါးပွဲနှင့် အမျိုးသမီးသုံးချီ တစ်ပွဲတို့ ကျင်းပသည်။

ပြိုင်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီနာယက၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင့်၊ မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ၊ ပရိသတ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့က ပြိုင်ပွဲဝင်အားကစားသမားများအား ဆုတံဆိပ်များနှင့် မြန်မာနိုင်ငံလက်ဝှေ့ဒိုင်အဖွဲ့ကို ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ပဏာမလက်ရွေးစင်လက်ဝှေ့အားကစားသမားများ လက်ရည်စမ်းပြိုင်ပွဲ ကျင်းပ



**နေပြည်တော် စက်တင်ဘာ ၂၉**

၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံ၌ကျင်းပမည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နေပြည်တော်တွင် စခန်းဝင်လေ့ကျင့်လျက်ရှိသည့် ပဏာမလက်ရွေးစင်လက်ဝှေ့အားကစားသမားများနှင့် ကာကွယ်ရေး ဝန်ကြီးဌာနမှ လက်ဝှေ့အားကစားသမားများ၏ လက်ရည်စမ်း(Sparring)ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ လေ့ကျင့်ရေး အားကစားရုံ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အတွင်းရေးမှူး အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးသည်။

လက်ဝှေ့ လက်ရည်စမ်း အမျိုးသားပြိုင်ပွဲ ပွဲစဉ်များအဖြစ် (၅၇)ကီလိုတန်းပြိုင်ပွဲတွင် လမင်းကိုကို (Gold Camp)နှင့် ချစ်စမ်းမောင်(ကာကွယ်ရေး)၊ (၆၀)ကီလိုတန်းပြိုင်ပွဲတွင် နုတ်မာရ် (Gold Camp)နှင့် ဝါဆို(ကာကွယ်ရေး)၊ (၆၉)ကီလိုတန်းပြိုင်ပွဲတွင် သီဟဇော်(Gold Camp)နှင့် ကျော်မင်းဦး (ကာကွယ်ရေး)၊ (၇၅)ကီလိုတန်း ပြိုင်ပွဲတွင် အောင်ဇင်ထိုက်(Gold Camp)နှင့် အောင်ပြည့်ဖြိုး (ကာကွယ်ရေး)တို့ အကြိတ်အနယ် ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲများအပြီးတွင် ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ လက်ရည်စမ်းပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသူများကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြပြီး ပဏာမလက်ရွေးစင် လက်ဝှေ့အားကစားသမားများနှင့်ကာကွယ်ရေးဝန်ကြီးဌာနမှ လက်ဝှေ့အားကစားသမားများနှင့် တွေ့ဆုံကာ အဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် အုပ်ချုပ်သူ၊ နည်းပြများ အနေဖြင့် ပြိုင်ပွဲများ လစဉ်ကျင်းပပေးနိုင်ရေး စီစဉ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ယခုလက်ရည်စမ်းပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့မှုများအပေါ် မိမိအားကစားသမားများ၏အားနည်းချက်၊ အားသာချက်များကို ပြန်လည်လေ့လာသုံးသပ်ပြီး ထိချက်များ မှန်ကန်၍ နည်းစနစ်များ၊ နည်းဗျူဟာများနှင့် ဖြတ်ထိုးညာဏ်များသုံးပြီး ပြိုင်ပွဲတွင် အနိုင်ရရှိအောင် ပြန်လည်လေ့ကျင့်သင်ကြားပေးသွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# မုဒုံမြို့၌ ဒစ်ဂျစ်တယ်အသိပညာခံယူချက်နှင့် အလေ့အကျင့်ဆိုင်ရာသင်တန်းဖွင့်ပွဲ ကျင်းပ

**မုဒုံ စက်တင်ဘာ ၂၉**

မွန်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အထူးရန်ပုံငွေ (၂၀၂၄)ဖြင့် ဖွင့်လှစ်သည့် "Digital Knowledge Attitude and Practice Training" ဒစ်ဂျစ်တယ် အသိပညာ၊ ခံယူချက်နှင့် အလေ့အကျင့်ဆိုင်ရာသင်တန်း (ဒုတိယအကြိမ်) ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီခွဲက ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်း (မုဒုံ) ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မွန်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သက်နှင်းဖြိုးက အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ခံက ကုန်အညွှန်းအမှတ်တံဆိပ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သင်တန်းနည်းပြများက ဈေးကွက်သို့ဝင်ရောက်ရောင်းချနိုင်ရေးအတွက် ဌာနမှရေးဆွဲနေပြီဖြစ်သည့် E-Commerce Website သို့ဝင်ရောက်နည်း၊ Online Registration အသုံးပြုနည်းအဆင့်ဆင့်ကို အသေးစားစက်မှုလက်မှုလုပ်ငန်းရှင် ၂၀ အား ရှင်းလင်းပို့ချခဲ့ပြီး သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**ရာမည(ပြန်/ဆက်)**

# မကွေးမြို့၌ ကျောင်းတွင်းအားကစားပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**မကွေး စက်တင်ဘာ ၂၉**

၂၀၂၅-၂၀၂၆ ပညာသင်နှစ် သမဝါယမစာရင်းရေး၊ စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း (မကွေး)၏ ကျောင်းတွင်း အားကစားပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါသင်တန်းကျောင်းတွင် ကျင်းပသည်။





ဦးစွာ မကွေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်သူဦးနှင့် တာဝန်ရှိသူများက ဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် အနီအသင်းနှင့် အစိမ်းအသင်းတို့ ယှဉ်ပြိုင်နေမှု၊ ထုပ်ဆီးတိုးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် အဝါအသင်းနှင့် အနီအသင်းတို့ ယှဉ်ပြိုင်နေမှု၊ ပိုက်ကျော်ခြင်းပြိုင်ပွဲဗိုလ်လုပွဲစဉ်အဖြစ် အနီအသင်းနှင့် အစိမ်းအသင်းတို့ ယှဉ်ပြိုင်နေမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်သူဦးနှင့် တာဝန်ရှိသူများက ပါဝင်ကူညီခဲ့သည့် ဒိုင်အဖွဲ့များအား ဂုဏ်ပြုလက်ဆောင်များနှင့် ဖူဆယ်ဘောလုံးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် ထုပ်ဆီးတိုးပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အကောင်းဆုံးအားကစားသမားဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

သမဝါယမစာရင်းရေး၊ စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း (မကွေး)၏ ကျောင်းတွင်းအားကစားပြိုင်ပွဲကို ပထမနှစ်၊ ဒုတိယနှစ် သင်တန်းသား ကျောင်းသား ကျောင်းသူ စုစုပေါင်း ၇၆ ဦးက ဖူဆယ်ဘောလုံးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် ထုပ်ဆီးတိုးပြိုင်ပွဲများကို စက်တင်ဘာ ၂၆ ရက်မှ ၂၉ ရက်အထိ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**



(၆၁)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရမည်းသင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မင်းဟန် ဦးဆောင်၍ တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်း စုစုပေါင်း ၈၀ တို့က စက်တင်ဘာ ၂၇ ရက် နံနက်ပိုင်းတွင် ရမည်းသင်းမြို့ ဇေယျာအောင်မြင် ဘုန်းတော်ကြီးကျောင်းဝင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

ခရိုင်(ပြန်/ဆက်)

# Let's Write in English daily, young ones.

# လူငယ်တွေ ... အင်္ဂလိပ်လို နေ့စဉ်ရေးကြရအောင် ...

## ကျွန်တော်အကြိုက်ဆုံး ကာတွန်းဇာတ်ကောင် စုံထောက်ကြီး ဦးစံရှား

မြန်မာစာပေနဲ့ ကာတွန်းလောကမှာ ထူးခြားပေါ်လွင်တဲ့ ဇာတ်ကောင်ရှိလားလို့မေးရင် ကျွန်တော့်စိတ်ထဲမှာတော့ စုံထောက်ကြီး ဦးစံရှားကိုပဲ ပြေးမြင်မိပါတယ်။ ဒီဇာတ်ကောင်ကို ဖန်တီးခဲ့တာကတော့ စာရေးဆရာကြီး ရွှေဥဒေါင်းဖြစ်ပြီး သူက ကမ္ဘာကျော်စုံထောက် ရှားလော့ဟုမ်း (Sherlock Holmes) ကို မြန်မာ့စရိုက်နဲ့ အံဝင်ခွင်ကျ ပြောင်းလဲထားပါတယ်။ ဦးစံရှားဟာ ဘာကြောင့် မြန်မာပရိသတ်တွေကြားမှာ အောင်မြင်ခဲ့သလဲဆိုတာကို တင်ပြချင်ပါတယ်ခင်ဗျာ။

ဦးစံရှားကို လူတွေ အခုထိတိုင် ချစ်ခင်ပြီး သဘောကျကြရတဲ့ အဓိကအချက်တွေက သူ့ရဲ့ ထူးချွန်တဲ့ဉာဏ်ပညာရယ်၊ မြန်မာဆန်တဲ့ အမူအရာတွေရယ်ကြောင့်ပါ။ သူက မှုခင်းတွေကိုစုံစမ်းတဲ့အခါ သာမန်လူတွေ လုံးဝသတိမထားမိတဲ့ အသေးအမွှား သဲလွန်စလေးတွေကအစ အာရုံစိုက်ပြီး စစ်ဆေးနိုင်တယ်။ အဲဒီလိုခွဲခြမ်းစိတ်ဖြာပြီး ကျိုးကြောင်းဆီလျော်အောင် တွက်ချက်ပုံက အံ့မခန်းပဲ။

ဒါ့အပြင် ဦးစံရှားက နိုင်ငံခြားစုံထောက်တွေလို ဝတ်ဆင်တာမျိုး မဟုတ်ဘဲ မြန်မာ့ရိုးရာ ပုဆိုးနဲ့ ဝတ်စုံကိုပဲ ဝတ်တယ်။ စကားပြောဆိုဆက်ဆံပုံမှာလည်း မြန်မာလူမျိုးရဲ့ ယဉ်ကျေးသိမ်မွေ့မှု၊ ရိုးသားမှုနဲ့ လူသားဆန်တဲ့စိတ်ဓာတ်တွေကို ထင်ဟပ်စေတာကြောင့် ပရိသတ်က သူ့ကို ကိုယ့်လူမျိုး စုံထောက်တစ်ယောက်လို ခံစားပြီး ပိုချစ်ကြတာပါ။

ကမ္ဘာကျော်စုံထောက်ကြီး ရှားလော့ဟုမ်းကို ၁၈၈၇ ခုနှစ်မှာ ဆာ အာသာ ကိုနန် ဒွိုင်လ် (Sir Arthur Conan Doyle) ဆိုတဲ့ စကော့တလန် ဆရာဝန်၊ စာရေးဆရာတစ်ဦးက ဖန်တီးခဲ့တာပါ။ ရှားလော့ဟုမ်းဟာ သူ့ရဲ့ထိုးထွင်းဉာဏ်နဲ့ မှုခင်းသိပ္ပံပညာရပ်တွေကိုသုံးပြီး ခက်ခဲတဲ့ အမှုတွေကို ဖြေရှင်းခဲ့ပါတယ်။

ရှားလော့ဟုမ်းရဲ့ မှုခင်းဖြေရှင်းပုံစာပေတွေကို ဆရာကြီး ရွှေဥဒေါင်းက မြန်မာမှုပြုပြီး ဦးစံရှားဆိုတဲ့ စုံထောက်ဇာတ်ကောင်ကို ဖန်တီးခဲ့ပါတယ်။ ဆရာကြီး ရွှေဥဒေါင်းရဲ့ ဦးစံရှားဝတ္ထုတွေဟာ ၁၉၆၀ ပြည့်လွန်နှစ်တွေမှာ အောင်မြင်ခဲ့ပြီး ကာတွန်းဆရာကြီး အောင်ရှိန်က အဲဒီဝတ္ထုတွေကို ရုပ်ပြကာတွန်းအဖြစ် ဖန်တီးခဲ့တာကြောင့် ပိုပြီးနာမည်ကြီးလာခဲ့ပါတယ်။ မူရင်းဝတ္ထုတွေလိုပဲ ကောင်းလွန်းတာကြောင့် ၁၉၆၀ ပြည့်လွန်နှစ်တွေကနေ ၁၉၇၀ ပြည့်နှစ်များအထိ ဦးစံရှားကာတွန်းတွေ မြန်မာပြည်မှာ ရေပန်းစားခဲ့တာပါ။

အဓိက အောင်မြင်ခဲ့တဲ့အချက်တွေထဲမှာ ဝတ္ထုရဲ့ဇာတ်လမ်းဆန်းကြယ်မှု၊ မြန်မာ့စာပေမှာ သူက ပထမဆုံးထင်ရှားတဲ့ စုံထောက်ဇာတ်ကောင်ဖြစ်တာနဲ့ ကာတွန်းဆရာရဲ့ ဆွဲဆောင်မှုရှိတဲ့ပုံဖော်မှုတွေကြောင့် လူငယ်တွေကြားမှာပါ အားပေးမှုများခဲ့တာပေါ့။



စိုင်းအောင်မြင့် (ရှမ်းအိုးစည်-တာချီလိတ်)

ဒါကြောင့် စုံထောက်ကြီး ဦးစံရှားဟာ မြန်မာ့ယဉ်ကျေးမှုနဲ့ ဉာဏ်ပညာကို ကိုယ်စားပြုတဲ့၊ ဘယ်တော့မှမေ့လို့မရနိုင်တဲ့ ဂုဏ်ယူစရာဇာတ်ကောင်တစ်ဦးလို့ ကျွန်တော်ယုံကြည်တယ်။ အသေးစိတ်ကို လေ့လာဆန်းစစ်တတ်တဲ့ အလေ့အကျင့်နဲ့ သည်းခံခြင်းဆိုတဲ့ အဖိုးတန် သင်ခန်းစာကောင်းတွေကို သူ့ဆီကနေရနိုင်တာကြောင့် သူ့ရဲ့ဇာတ်လမ်းတွေကို ဆက်ပြီးလေ့လာသင့်တယ်။

ဦးစံရှားရဲ့ဇာတ်လမ်းတွေကို ဖတ်ရှုခြင်းဖြင့် ကျွန်တော်ဟာ လေ့လာဆန်းစစ်မှုစွမ်းရည် (Analytical Skill) နဲ့ သည်းခံခြင်းဆိုတဲ့ အဖိုးတန်တဲ့ သင်ခန်းစာနှစ်ခုကို ရရှိခဲ့ပါတယ်။ အဖြစ်အပျက်တိုင်းမှာ ပေါ်လာတဲ့ အသေးအမွှားအရာတွေကိုတောင် သေချာဂရုတစိုက် လေ့လာဖို့လိုကြောင်း၊ အလျင်စလို ဆုံးဖြတ်ခြင်းဟာ အမှားကိုဦးတည်စေနိုင်ကြောင်း စုံထောက်ကြီးရဲ့ စုံစမ်းပုံတွေကနေ သိရှိခဲ့ရပါတယ်။

နောက်ဆုံးအနေနဲ့ပြောရရင် စုံထောက်ကြီးဦးစံရှားဟာ မြန်မာစာပေနဲ့ ကာတွန်းလောကရဲ့ ဂုဏ်ယူစရာ အမှတ်အသားတစ်ခုပါ။ သူဟာ ထက်မြက်တဲ့ဉာဏ်ပညာ၊ ရိုးသားတဲ့စိတ်ဓာတ်နဲ့ မြန်မာ့ယဉ်ကျေးမှုကို ကိုယ်စားပြုတဲ့အတွက် ကျွန်တော့်ရဲ့ အနှစ်သက်ဆုံး ကာတွန်းဇာတ်ကောင်အဖြစ် အမြဲတမ်း တည်ရှိနေမှာဖြစ်ပါတယ်ခင်ဗျာ။

**Myanmar's Master Detective U San Shar**

Do you know the most special detective in Myanmar stories? It's U San Shar!

A famous writer named Shwe U Daung created him.

U San Shar is like a Myanmar version of the world–famous detective Sherlock Holmes.

Lots of people love him, and this paper tells you why he became so popular.

We love U San Shar because he is super smart and acts like a true Myanmar person.

When he checks a mystery, he is great at seeing tiny clues that normal people miss.

He thinks very logically, which is amazing! Also, U San Shar does not wear foreign clothes.

He always wears a traditional longyi (a nether garment). His words and actions show he is polite, honest, and kind.

This makes everyone feel he is their own detective and they love him even more.

U San Shar's stories, which came from the Holmes tradition, were so exciting that his comics became famous in Myanmar in the 1960s and 1970s.

He was the very first famous detective in Myanmar books, which helped make him successful.

U San Shar is a hero who shows off Myanmar's culture and intelligence.

He teaches us two important things: to look very carefully at things and to be patient.

We should keep reading his adventures!

## စကားသုံးလွဲမှု အမှားများ

လှသမိန်

ည

**အမှား။** ဘဲဥကို အခွံ**သင်**ပါ။

**အမှန်။** ဘဲဥကို အခွံ**နွှာ**ပါ။

**အကြောင်းပြ။** ပါးလွှာစွာ ကပ်နေသောအခွံမျိုးကိုသာ အခွံသင်သည်ဟု သုံးသည်။ ပန်းသီး၊ အာလူးစသည်ကို (အခွံသင်)နိုင်၍ ငှက်ပျောသီး၊ ဘဲဥစသော အခွံသီးခြား အလွှာလိုက်ရှိသော အရာများအတွက် (နွှာ)ကိုသာ သုံးရသည်။

စကားလုံးများကို နေရာဌာနအလျောက် ဆီလျော်အောင် သုံးတတ်ရန် အထူးလိုအပ်ပေသည်။

ဋ

**အမှား။** စာအုပ်များကို (PARCEL) ပြုလုပ်၍ပို့သည်။

**အမှန်။** စာအုပ်များကို **ပါဆယ် (PARCEL)** ပြုလုပ်၍ပို့သည်။

**အကြောင်းပြ။** အင်္ဂလိပ်စကားလုံးများကို ညှပ်၍ ရှင်းပြသည်မှာ မူလဆိုလိုရင်းစကားလုံးအမှန်အကန်ကို သိမြင်ရစေရန်သာဖြစ်၍ အဖြည့်မျှသာ ဖြစ်ရပေမည်။ ထိုအဖြည့်မပါဘဲ ဝါကျသည် အလိုအလျောက်ပြည့်စုံရန်လိုသည်။ အင်္ဂလိပ်စကားလုံးကို မြန်မာဝါကျထဲတွင် ရောစပ်၍ မသုံးသင့်ပေ။ တတ်နိုင်လျှင် –

စာအုပ်များကို ချောထုပ် (ပါဆယ်) ပြုလုပ်၍ ပို့သည်။ စသည်ဖြင့် မြန်မာစကား အဓိပ္ပာယ်ထည့်ပြီးမှ မူရင်းအင်္ဂလိပ်စကား အခေါ်အဝေါ်ကို ညှပ်ထည့်သင့်သည်။

ဌ

**အမှား။** သူ၏နားရွက်ကို ပျား**ကိုက်**သည်။

**အမှန်။** သူ၏နားရွက်ကို ပျား**တုပ်**သည်။

**အကြောင်းပြ။** အရာဌာနအားလျော်စွာ ဆီလျော်သောစကားကိုသာ မှန်ကန်စွာ သုံးနှုန်းသင့်သဖြင့် သက်ဆိုင်ရာစကားလုံးကို ပြောင်းလဲထားသည်။

ဍ

**အမှား။** **ကျမ်းဂန်**သာလို့ မာပါစေ။

**အမှန်။** **ကျန်းခံ့**သာလို့ မာပါစေ။

အကြောင်းပြ။ ကျမ်းဂန်မှာ စာပေကျမ်းဂန်ဖြစ်၍ ကျန်းခံ့သည်သာ မာကျန်းခြင်း၊ ကြံ့ခိုင်ခံ့မာခြင်း အဓိပ္ပာယ်ရစေပေသည်။

## မပြေပြစ်သော အမှားများ

မြန်မာစာရေးသားမှုများတွင် မည်သည့်နည်းအားဖြင့်မျှ မှားယွင်းသည်ဟု မဆိုနိုင်သော်ငြားလည်း ဖတ်ရှု၍အဆင်မပြေဘဲ ဖြစ်နေသည်များကိုလည်း တွေ့ရှိရတတ်ပေသည်။ ထိုသို့ပြုပြင်ရန် တစ်စုံတစ်ရာ လိုနေခြင်းမျိုး (ဝါ) မပြေပြစ်သောအမှားမျိုးကိုလည်း သတိပြုဆင်ခြင်နိုင်စေရန် အောက်တွင် ဖော်ပြထားပေသည်။

က

**အမှား။** ကျွန်ုပ်တို့သည် ကျန်းမာရန်အလို့ငှာ အာဟာရဖြစ်သောအစာကိုစား**ခြင်း**၊ ကိုယ်လက်လှုပ်ရှား**ခြင်း**၊ ရောဂါကာကွယ်**ရေး**၊ သန့်ရှင်းအောင်နေထိုင်**ခြင်း**တို့ကို ဆောင်ရွက်လိုက်နာရမည်။

**အမှန်။** ကျွန်ုပ်တို့သည် ကျန်းမာရန်အလို့ငှာ အာဟာရဖြစ်သော အစာကိုစား**ခြင်း**၊ ကိုယ်လက်လှုပ်ရှား ရောဂါကာကွယ်**(ခြင်း)**၊ သန့်ရှင်းအောင်နေထိုင်**ခြင်း**တို့ကို ဆောင်ရွက်လိုက်နာရမည်။

**ပြင်ဆင်ချက်။** (ခြင်း)များကို တညီတည်းသုံးလာပြီးမှ (ရေး)ကို ကြားဖောက်၍သုံးသဖြင့် အစဉ်မချောမွေ့သဖြင့် (ခြင်း)ဟု ပြင်ဆင်လိုက်သဖြင့် ချောပြေရသည်။

ခ

**အမှား။** **တစ်နေ့**တစ်ကြိမ်ထုတ်လျှင် သတင်းစာ၊ **တစ်လ**တစ်ကြိမ်ထုတ်လျှင် မဂ္ဂဇင်း၊ **တစ်ပတ်**တစ်ကြိမ်ထုတ်လျှင် ဂျာနယ်ဟု သိအပ်၏။

**အမှန်။** **တစ်နေ့**တစ်ကြိမ်ထုတ်လျှင် သတင်းစာ၊ **တစ်ပတ်**တစ်ကြိမ်ထုတ်လျှင် ဂျာနယ်၊ **တစ်လ**တစ်ကြိမ်ထုတ်လျှင် မဂ္ဂဇင်းဟု သိအပ်၏။

**ပြင်ဆင်ချက်။** (တစ်နေ့၊ တစ်လ၊ တစ်ပတ်)တို့သည် အစီအစဉ်ကျိုးပေါက်နေ၍ (တစ်နေ့၊ တစ်ပတ်၊ တစ်လ) ဟူ၍ အစဉ်အတိုင်းပြင်သဖြင့် ပြေပြစ်စေသည်။

(ဆက်လက်ဖော်ပြပါမည်)

ဆရာကြီး လှသမိန်၏ “မှားတတ်သော မြန်မာစာအရေးအသား (အမှန်ရေးနည်း)” စာအုပ်မှ ကူးယူ ဖော်ပြပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၈/ပုဗ္ဗသီရိရပ်၊ မြေဧရိယာ(၀.၁၁၀)ဧကရှိ မြေကွက်အမှတ် (ပ-၂၂၂၅၆)ကို အမည်ပေါက် ဒေါ်အေးမို့မို့ (ဘ) ဦးလှခိုင် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၇/ပခန (နိုင်) ၃၄၅၁၇၁]မှ ဒေါ်ငြိမ်းငြိမ်းထွန်း (ဘ) ဦးကြည်ထွန်း နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၆/မမန (နိုင်) ၁၄၄၂၈၃]နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်ယာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ကုလ္လာသဃ(၂)လမ်း၊ အမှတ်(၈၇)ရှိ (အလျား၂၃xအနံ၁၃)ပေရှိ မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား လက်ရှိထားပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ဦးလှကွန်း [၁၄/မအန(နိုင်)၂၆၈၂၁၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်မျိုးထက် [၁၄/မအန(နိုင်)၂၄၂၂၂၁] မှ ဝယ်ယူပိုင်ဆိုင်ထားပြီး၍ လက်ရောက်ရယူထားပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဆန်းသီတာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၇၀၀)**
**အမှတ်(၅၉၇)၊ ဝရဇာ(၅)လမ်း၊ (၁၃)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်။ ဖုန်း-09-688943399**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ်(၅၈၈-ခ)၊ ဦးပိုင်အမှတ်(၁-ဏ/၁)၊ ၆၉ လမ်း၊ မန္တလာတက္ကသိုလ်တောင်ဘက်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်ဝင်း [၉/မရတ (နိုင်)၀၂၀၄၆၉]က အမှုတွဲအမှတ် (၂၇၀၂/၂၀၂၅-၂၀၂၆) ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ အကွက်အမှတ်(၁၃၄)၊ ဦးပိုင်အမှတ်(၁၁၅-ခ)၊ ၁၇x၁၈ ကြား၊ ၈၇x၈၈ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်လင်းလင်းနိုင် [၉/အမဇ(နိုင်)၀၄၃၃၄၈]က အမှုတွဲအမှတ် (၂၇၅၄/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၃ ရပ်ကွက်၊ အကွက်အမှတ်(ဈ-၄)၊ ဦးပိုင်အမှတ်(၂၅)၊ ၆၂ လမ်း၊ ၁၀၈x၁၀၉ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်လော်ကျင်တီး [၁၃/လကန(နိုင်)၀၀၅၁၅၇]က အမှုတွဲအမှတ်(၂၇၄၂/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၃ ရပ်ကွက်၊ အကွက်အမှတ်(ဈ-၄)၊ ဦးပိုင်အမှတ်(၂၄)၊ ၆၂ လမ်း၊ ၁၀၈x ၁၀၉ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်လော်ကျင်တီး [၁၃/လကန(နိုင်)၀၀၅၁၅၇]က အမှုတွဲအမှတ်(၂၇၄၁/ ၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၈/ပုဗ္ဗသီရိရပ်၊ မြေဧရိယာ(၀.၁၁၀)ဧကရှိ မြေကွက်အမှတ် (ပ-၂၂၂၅၂)ကို အမည်ပေါက် ဒေါ်အေးမို့မို့ (ဘ) ဦးလှခိုင် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၇/ပခန (နိုင်) ၃၄၅၁၇၁]မှ ဒေါ်ငြိမ်းငြိမ်းထွန်း (ဘ) ဦးကြည်ထွန်း နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၆/မမန (နိုင်) ၁၄၄၂၈၃]နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်ယာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ Star City အိမ်ရာဝင်း၊ ကြယ်စင်မြို့တော်ရှိ ESTELLA တိုက်အမှတ်-၁၃၄ မြေနှင့် နှစ်ထပ်တိုက်အဆောက်အဦ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ပိုင်ဆိုင် ရောင်းချခွင့်ရှိသူ ဒေါ်သီရိကျော်မြင့်[၉/ခအဇ(နိုင်)၀၀၁၅၁၃]ထံမှ ၂၆-၉-၂၀၂၅ရက်စွဲပါ စရန်ငွေပေးစာချုပ်ဖြင့် ကျွန်တော် ဦးညီညီထွန်း[၁၃/တကန(နိုင်)၁၈၉၆၀၂]က ဝယ်ယူရန်အတွက် စရန်ငွေတချို့ ပေးချေထားပြီးဖြစ်ပါကြောင်း ကန့်ကွက်ရန်ရှိပါက (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ (၇)ရက်ကျော်လျှင် အရောင်းအဝယ် ဆက်လက်ပြုလုပ်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဝယ်ယူသူ**
**ဦးညီညီထွန်း[၁၃/တကန(နိုင်)၁၈၉၆၀၂]**
**Ph:09-799883892**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်-(၅၁၄/၂)၊ ဦးပိုင်အမှတ်-(၆)၊ ၅၈(B)လမ်း၊ ၃၀(F)x၃၂ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးကျော်သိန်း၏ (GP ရရှိသူ ဦးလှကြည်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်အမှတ်(၂၀၇၂/၂၀၂၅) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ကြည်မြင့် [၁၄/ကကန(နိုင်)၀၀၂၆၁၂]က အမှုတွဲအမှတ်(၂၇၃၆/၂၀၂၅-၂၀၂၆) ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၁၉၁)၊ ဦးပိုင်အမှတ်(၅၇)၊ ၈၇လမ်း၊ ၂၂x၂၃ လမ်းကြားရှိဂရန်မြေကွက်အမည်ပေါက်သူ ဦးဂီတာရမ်း(ခ)ဦးဂီသာရမ်းထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၃၈၃/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးရန်အောင်[၅/ဗမန(နိုင်)၀၁၉၈၀၅]က အမှုတွဲအမှတ် (၂၇၆၅/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၂ ရပ်ကွက်၊ အကွက်အမှတ်(ဆ-၉)၊ ဦးပိုင်အမှတ်-၅(ခဲစင်း)၊ ၇၂(A) လမ်းနှင့် ၁၀၉ လမ်းထောင့်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးတိုးလွင် [၁၀/ခဆန(နိုင်)၀၆၇၄၀၄]က အမှုတွဲအမှတ်(၂၇၄၃/၂၀၂၅-၂၀၂၆)ဖြင့် ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၁ ရပ်ကွက်၊ အကွက်အမှတ်(ခ-၅)၊ ဦးပိုင်အမှတ်(၅-ခ)၊ ၄၁ လမ်း၊ ၆၆x၆၇ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ကွေနှင့်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၀၆၉/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဇာဇာခိုင် [၁/ဗမန(နိုင်)၀၈၂၈၉၇]က အမှုတွဲအမှတ်(၂၇၃၇/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၈/ပုဗ္ဗသီရိရပ်၊ မြေဧရိယာ (၀.၁၁၀)ဧကရှိ မြေကွက်အမှတ် (ပ-၂၂၂၅၄)ကို အမည်ပေါက် ဒေါ်အေးမို့မို့ (ဘ) ဦးလှခိုင် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၇/ပခန(နိုင်)၃၄၅၁၇၁]မှ ဒေါ်ငြိမ်းငြိမ်းထွန်း (ဘ) ဦးကြည်ထွန်း နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၆/မမန(နိုင်)၁၄၄၂၈၃]နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်ယာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ UE-1 တိုးချဲ့(၁) ရပ်ကွက်၊ သီးသန့်(၂)လမ်း၊ အမှတ်(၇၂၁)၊ မြေအကျယ်အဝန်း(အလျား၁၀xအနံ၆၀) ပေရှိ (ပါမစ်မိတ္တူ)မြေနှင့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု မြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဦးကြည်လှိုင်(ISN-၀၈၁၁၉၄)**အမည်ဖြင့်မှတ်သားထားပြီး ဆက်စပ်စာချုပ်ဖြင့် လက်ရှိပိုင်ဆိုင်ထားသော **ဦးထိန်လင်း [၁၂/ဒဂမ(နိုင်) ၀၃၆၃၃၅]**မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းကြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံပြောဆိုလျက် ရောင်းချရန်ကမ်းလှမ်းချက်အား ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်သဲနော်လီသိမ့်[၈/ပခက(နိုင်)၂၆၅၇၂၅]**မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သင်းသင်းဝါ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၄၈၂၄)(၉-၂-၂၀၂၂)**
**အမှတ်(၆၅၆)၊ ပိတောက်ရွှေဝါလမ်း၊ (၄၇)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၂၅၃၄၂၃၂၅၅၊ ၀၉-၇၇၀၀၈၈၃၁၀**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်ကွက်၊ အကွက်အမှတ်(၇၂၀)၊ ဦးပိုင်အမှတ်(၉၁-င)၊ ၂၈x၂၉ ကြား၊ ၇၃x၇၄ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မြမြထွေး၊ ဦးအောင်ကောင်းကို၊ ဦးချမ်းသုဝဏ် (ခ) ချမ်းမြေ့အောင်တို့၏ (GP ရရှိသူ ဦးစိုးသူအောင်) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၄၃၈၂/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးကျူရာမနီ [၉/မကန(နိုင်)၀၉၁၂၂၅]က အမှုတွဲအမှတ်(၂၇၆၇/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၁ ရပ်ကွက်၊ အကွက်အမှတ်-(အပိုင်း-၁)၊ ဦးပိုင်အမှတ်-(၃၂-က)၊ ၆၉ လမ်း၊ ၃၇x၃၈ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်စန္ဒာ[၉/မရမ(နိုင်)၀၂၄၁၃၀]က အမှုတွဲအမှတ်(၂၇၃၉/၂၀၂၅-၂၀၂၆) ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၅၅၃)၊ ဦးပိုင်အမှတ်(၁၀)၊ ၃၄ လမ်း၊ ၈၂x၈၃ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သော သမဝါယမဘဏ် လီမိတက်ကိုယ်စား အစည်းအဝေးမှတ်တမ်းအရ ဦးစိုးလွင် [၉/မရတ (နိုင်)၀၆၀၈၇၁]က ဘိုးဘအမည်ပေါက်မြေပုံတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် (သ-၈/၁)၊ ဦးပိုင်အမှတ်(၇၃)၊ ၆၅x၆၇ လမ်းကြား၊ ၁၁၅x၁၁၆ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ကျန်းရင်ဖူ [၁၃/ကခန(နိုင်)၀၆၆၄၈၉]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ်(၅၈၈-ခ)၊ ဦးပိုင်အမှတ်(၁-ဏ/၄)၊ ၆၉ လမ်း၊ မန္တလာတက္ကသိုလ်တောင်ဘက်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်ဝင်း [၉/မရတ(နိုင်)၀၂၀၄၆၉]က အမှုတွဲအမှတ် (၂၇၀၅/ ၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## မော်တော်ဆိုင်ကယ် မှတ်ပုံတင်စာအုပ်ပျောက် လျှောက်ထားခြင်း

မော်တော်ဆိုင်ကယ်အမှတ် (63W-84629)၊ အမျိုးအမည်-HONDA WAVE 110၊ အမျိုးအစား-မော်တော်ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးမြတ်လေး [၁၀/ပမန(နိုင်) ၀၆၀၄၃၂]မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်-

**က.ည.န၊ ခရိုင်ရုံး(သထုံ)**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်၊ အကွက်အမှတ်(၃၄၇)၊ ဦးပိုင်အမှတ်-၁-က/ တာရိန်လမ်းနှင့် ဝါဆိုကျောင်းလမ်းထောင့်ရှိ ဒေါ်တင်တင်သန်း၊ ဦးဝင်းဖေ၊ ဒေါ်သန်းစိန်၊ ဒေါ်တူးတူး၊ ကိုစိန်လွင် အမည်ပေါက် ဘိုးဘမြေကွက်အား၊ ၎င်းတို့ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၇၆၀/၁၉၉၃)ဖြင့် ဦးသောင်းငွေက ဝယ်ယူခဲ့ပြီး ဖခင် ဦးသောင်းငွေ၊ မိခင် ဒေါ်လှသန်း၊ သား ဦးစိုးစိုးဝင်း၊ သား ဦးတင်အောင်ကျော်တို့ကွယ်လွန်၍ ကျန်ရစ်သူ သား၊ သမီး၊ မြေးမများဖြစ်ကြသော ဦးမင်းစိုး [၉/မနတ(နိုင်)၀၃၄၂၉၀]၊ ဒေါ်သင်းသင်းရီ[၉/မနတ(နိုင်)၀၃၉၁၉၁]၊ ဦးတင့်လွင်[၉/မရမ(နိုင်)၀၃၉၁၉၅]၊ ဒေါ်နွယ်နွယ်ဝင်း [၉/မဟမ(နိုင်)၀၀၅၆၃၄]၊ ဒေါ်မြင့်မြင့်ကြည်[၉/မနတ(နိုင်)၀၃၄၅၃၇]၊ ဒေါ်စုစုကြည်[၉/မနတ(နိုင်)၀၀၂၁၈၁]၊ ဒေါ်ခင်မျိုးလှ[၉/မဟမ(နိုင်)၀၀၈၄၃၁]၊ ဒေါ်ခိုင်ခိုင်ဝင်း[၉/မနတ(နိုင်)၁၀၀၂၄၆]၊ ဦးကျော်စိန်ထွန်း [၉/မဟမ(နိုင်)၀၁၃၆၁၈]တို့က အမည်ပေါက်မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်နှင့် စွန့်လွှတ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## BCC ကျပြီး မြေညီတိုက်ခန်းသစ်အမြန်ရောင်းမည်

မြောက်ဥက္ကလာပမြို့နယ်၊ နွယ်နီ (၁၀)လမ်း၊ ယခင်မြောက်ဥက္ကလာပ အဝိုင်းအနီးတစ်လမ်းကျော် သုဓမ္မာလမ်းမကြီးမှဝင် (၂)ခန်းတွဲ (၆)ထပ် တိုက်အသစ် မြေညီထပ် ထပ်ခိုးပါ ၁၄ ပေx၅၄ ပေ အိပ်ခန်းဖွဲ့ပြီး ပရိဘောဂ ပစ္စည်းအစုံ၊ ၁၅ ပေ x ၃၀ ပေ ဂိုဒေါင်တစ်လုံးအပါအဝင် လူနေခွင့်ကျပြီး၊ တိုက်အသစ် လူတက်နေရန်အဆင်သင့် ရောင်းမည့်ဈေး သိန်း-(၂၄၀၀) အမြန်ရောင်းမည်။

**ဦးရာလူရမည်။**
**စုံစမ်းရန်ဖုန်း - ၀၉-၅၀၀၀၆၇၃, ၀၉-၅၁၅၉၁၃၄, ၀၉-၄၂၈၆၂၄၃၆၃**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ကျုံပျော်မြို့နယ်၊ တိုက်ရွာအုပ်စု၊ ဖက်ကြီးကုန်းကျေးရွာနေ ဒေါ်ဇာခြည်ဝင်း [၁၄/ကပန(နိုင်) ၁၄၃၈၈၁] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဧရာဝတီတိုင်းဒေသကြီး၊ ငွေဆောင်မြို့နယ်၊ ကျောက်ဖျာကျေးရွာအုပ်စု၊ မကျီးမှော်ကွင်း၊ ဦးပိုင်အမှတ်(၄၀/၃)၊ အကျယ်အဝန်း (၁.၀၃)ဧကအနက်မှ (၀.၃၄)ဧကရှိ ဦးသန်းဝင်း အမည်ပေါက် ဥယျာဉ်မြေ အမျိုးအစား မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် ပိုင်ဆိုင် လက်ဝယ်ထားရှိပြီး ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးသန်းဝင်း [၁၄/ပသန(နိုင်) ၁၂၄၁၉၈] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဇာခြည်ဝင်းသည် အထက်ဖော်ပြပါ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဇာခြည်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးချမ်းဆွေ (L.LB)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၈၀၉၄)**
**အမှတ်(၁၄)၊ ဝေဠုဝန်(၂)လမ်း၊ ဝေ/တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်**
**ဖုန်း- ၀၉- ၄၄၃၇၃၉၈၀၃**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ် (၉၈/၁၀၀)နေ ဦးအောင်မျိုးလင်း [၁၂/လမတ(နိုင်) ၀၃၂၈၈၄]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၄၈ သံဒင်း၊ လူနေရပ်ကွက်အမှတ် (၁၉)၊ ဆိပ်ကမ်းသာလမ်း၊ မြေကွက်အမှတ် (၃၆၄)၊ အကျယ်အဝန်း (၄၀ x ၆၀)ပေရှိ ဒေါ်အေးမြင့် အမည်ပေါက် ပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်စာချုပ်အစပ်ဆက်ဖြင့် တရားဝင်ပိုင်ဆိုင် လက်ဝယ်ထားရှိပြီး ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မြတ်စုဟန် [၉/မခန(နိုင်)၂၁၇၄၆၇] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်မျိုးလင်းသည် အထက်ဖော်ပြပါ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် နေ့မှစ၍ (၅)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်မျိုးလင်း ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးချမ်းဆွေ (L.LB)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၈၀၉၄)**
**အမှတ်(၁၄)၊ ဝေဠုဝန်(၂)လမ်း၊ ဝေ/တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်**
**ဖုန်း- ၀၉- ၄၄၃၇၃၉၈၀၃**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ကျုံပျော်မြို့နယ်၊ တိုက်ရွာအုပ်စု၊ ဖက်ကြီးကုန်းကျေးရွာနေ ဒေါ်ဇာခြည်ဝင်း [၁၄/ကပန(နိုင်) ၁၄၃၈၈၁] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ

ဧရာဝတီတိုင်းဒေသကြီး၊ ငွေဆောင်မြို့နယ်၊ ကျောက်ဖျာကျေးရွာအုပ်စု၊ မကျီးမှော်ကွင်း၊ ဦးပိုင်အမှတ် (၄၀/၄)၊ အကျယ်အဝန်း (၁.၀၃)ဧကအနက်မှ (၀.၂၆) ဧကရှိဟုခေါ်တွင်သည့် ဦးမောင်တင်ကြီး အမည်ပေါက် ဥယျာဉ်မြေ အမျိုးအစား မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် ပိုင်ဆိုင် လက်ဝယ်ထားရှိပြီး ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်မာလွင် [၁၄/ပသန(နိုင်)၁၂၄၀၂၈] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ဇာခြည်ဝင်းသည် အထက်ဖော်ပြပါ မြေကွက်နှင့်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဇာခြည်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးချမ်းဆွေ (LLB)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၈၀၉၄)**
**အမှတ်(၁၄)၊ ဝေဠုဝန်(၂)လမ်း၊ ဝေ/တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်။**
**ဖုန်း-၀၉- ၄၄၃၇၃၉၈၀၃**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ် (၉၈/၁၀၀)နေ ဦးအောင်မျိုးလင်း [၁၂/လမတ(နိုင်)၀၃၂၈၈၄] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၄၈ သံဒင်း၊ လူနေရပ်ကွက် အမှတ် (၁၉)၊ ဇီဇဝါလမ်း၊ မြေကွက်အမှတ် (၄၀၉)၊ အကျယ်အဝန်း (၄၀ x ၆၀)ပေရှိ ဦးအောင်ကျော်သာ အမည်ပေါက် ပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရပ်စာချုပ်အစပ်ဆက်ဖြင့် တရားဝင်ပိုင်ဆိုင် လက်ဝယ်ထားရှိပြီး ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ **ဒေါ်မြတ်စုဟန် [၉/မခန(နိုင်)၂၁၇၄၆၇]** ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးအောင်မျိုးလင်းသည် အထက်ဖော်ပြပါ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၅)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်မျိုးလင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးချမ်းဆွေ (L.LB)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၈၀၉၄)**
**အမှတ်(၁၄)၊ဝေဠုဝန်(၂)လမ်း၊ ဝေ/တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်**
**ဖုန်း-၀၉- ၄၄၃၇၃၉၈၀၃**

## အိမ်၊ ခြံ၊ မြေ အမြန်ရောင်းမည်

(အသင့်အတင့်ခြံနှင့်ဝင်းနှင့် နေထိုင်လိုသူများအတွက် အလွန်ကောင်း)

မြောက်ဒဂုံမြို့နယ်၊ ဒဂုံအရှေ့ (၇)ရပ်ကွက်၊ ဗိုလ်ခန့်လမ်းမကြီး၊ ဘရိန်းနိုကေနှစ်ထပ်တိုက် (လူနေရန် အဆင်သင့်) ပေ ၂၀x ပေ ၆၀ ကွန်ကရစ်လမ်း၊ ဂရန်အမည်ပေါက် အထူးသက်သာသော ဈေးနှုန်းဖြင့် ပိုင်ရှင်ကိုယ်တိုင် အမြန်ရောင်းမည်။

**ဆက်သွယ်ရန် - ၀၉-၅၀၀၀၆၇၃, ၀၉-၉၇၁၈၉၆၀၃၉**

